# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၈၆)


၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက် | ၂၀၂၆ ခုနှစ်၊ မတ် ၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၅)၊ အမှတ်(၁၅၄)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၂**

၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ အဂ္ဂါဓိပတိ သာသနဝ္ဗိမာန်တော်ကြီး အတွင်း၌ ဆင်ယင်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပြီး ဆွမ်းဆန်စိမ်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်း ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသတို့အမှူးပြုသည့် ၂၀၂၆ ခုနှစ် သာသနာ

*စာမျက်နှာ ၃ ကော်လံ ၁ ◯*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်း ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ ထံ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။


**ယနေ့ ဖတ်စရာ**

**ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း**
ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ | စာ ၆

**ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်နည်းပညာဖြင့် တည်တံ့ခိုင်မြဲသော အနာဂတ်ဆီသို့**
ဆောင်းပါး | စာ ၈

**ကမ္ဘာပေါ်တွင်သာမက မြန်မာနိုင်ငံမှာပါ ရှားပါးနေသည့် စာဝါကျားငှက်များ ကျုံ့ကပြင် - တက်ဆိပ် ဒေသခံသားငှက်ထိန်းသိမ်းရေးရိယာ၌ ကျက်စားမှု ယမန်နှစ်ထက် ကောင်ရေတစ်သောင်းကျော်တိုးလာ**
ပြည်တွင်းသတင်း | စာ ၂၅




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး၊ ဧည့်ပရိသတ်များ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ဘုရားကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ ထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းမြို့ မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဝိဇ္ဇာနန္ဒာဘိဝံသ ထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။

❍ *ရှေ့ဖုံးမှ*

တော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကော်ရော် အပူဇော်ခံတော်မူကြမည့် ပြည်တွင်း၊ ပြည်ပဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီးတို့နှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်များ တက်ရောက်ကြည်ညိုကြသည်။ *စာမျက်နှာ ၄ သို့*



ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမ ဘုရားကြီးတိုက် နယားကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိယ ထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း ဆရာတော် ဘဒ္ဒန္တ နာယကာဘိဝံသ ထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့ရရှိသည့် ဦးတင်မောင်ဝင်း အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့ရရှိသည့် သူရဦးမြင့်မောင်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်ကြူကြူလှ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိသည့် စစ်ကိုင်းမြို့ သမိဒ္ဓေါဒယသီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်ကလျာသိင်္ဂီထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်ကြူကြူလှ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဘွဲ့ရရှိသည့် ဒေါ်ဌေးဌေးဝင်း အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၏ ဇနီး ဒေါ်သန်းသန်းနွယ် သီဟသုဓမ္မသိင်္ဂီဘွဲ့ရရှိသည့် ဒေါ်မာလာတင့်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။

*စာမျက်နှာ ၃ မှ*

ဦးစွာ "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို စတင်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက အခမ်းအနားအဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထား၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ ညွှန်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ဘုရားကြီးထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်း ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ *စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

မဟာထေရ်က သာရဏီယ ဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ကြရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ ထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်သည်။

ဆက်လက်၍ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဝိဇ္ဇာနန္ဒာဘိဝံသ ထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်သည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမဘုရားကြီးတိုက် နယားကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိယ ထံလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မဟာဝိသုတာရာမ (အလယ်) တိုက်ကျောင်းဆရာတော် ဘဒ္ဒန္တ ပညာဇောတ ထံ လည်းကောင်း၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်းဆရာတော် ဘဒ္ဒန္တ နာယကာဘိဝံသ ထံ လည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်ကြသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာ စရိယ ဘွဲ့ရရှိသည့် ဆရာတော်ကြီးများထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်ကြသည်။

ယင်းနောက်နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ ဇနီးက အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ သမိဒ္ဓေါဒယသီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်ကလျာသိင်္ဂီထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်သည်။

ဆက်လက်၍ သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်များကို ချီးမြှင့်အပ်နှင်းရာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့ရရှိသည့် ဦးကျော်စိုးဝင်း (ခ) ဦးခန့်စည်သူ၊ သီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့ရရှိကြသည့် ဦးဇော်လတ်နှင့် ဦးတင်မောင်ဝင်းတို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌက သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့ရရှိသူ သူရဦးမြင့်မောင်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ ဇနီးက အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဘွဲ့ရရှိကြသည့် ဒေါက်တာ ဌေးဌေးခိုင်၊ ဒေါ်ဌေးဌေးဝင်း၊ ဒေါ်ညွန့်ယဉ်ဝင်း၊ ဒေါ်သီတာအောင်၊ သီရိသုဓမ္မသိင်္ဂီဘွဲ့ ရရှိကြသည့် ဒေါ်နန်းအေးခန့်၊ ဒေါ်ခင်သီတာ၊ သီဟသုဓမ္မသိင်္ဂီ ဘွဲ့ရရှိကြသည့် ဒေါ်စမ်းစမ်းအေး၊ ဒေါ်ဥမ္မာမြင့်၊ ဒေါ်နီလာ၊ ဒေါ်ဝါဝါသင်း၊ ဒေါ်သဥ္ဇာဝင်းစိန်၊ ဒေါက်တာ ဒေါ်နန်းကူးကူ၊ ဒေါ်သီတာလွင် တို့အား လည်းကောင်း၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ၏ ဇနီးက သီဟသုဓမ္မသိင်္ဂီဘွဲ့ ရရှိကြသည့် ဒေါ်တင်မိုးနွယ်၊ ဒေါက်တာအေးခိုင်ညွန့်၊ ဒေါ်ခင်နှင်းဝေ၊ ဒေါ်မာလာတင့်၊ ဒေါက်တာ ဒေါ်တင်လင်းမြင့်၊ ဒေါ်ခင်လေးမြင့်၊ ဒေါ်ခင်လှဝင်း၊ ဒေါ်စုညွန့်ဦး၊ ဒေါ်သန်းသန်းအေး၊ ဒေါက်တာနန္ဒာမွန်းနှင့် ဒေါ်ကြူကြူစိုး တို့အားလည်းကောင်း ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသ ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြကာ "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်ပြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲကိုကျင်းပရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့နှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာများမှဝန်ထမ်းများ၊ အလှူရှင်များက ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကော်ရော် အပူဇော်ခံတော်မူခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပ ဆရာတော်၊ သံဃာတော်များနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးများအား မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ သက်ဆိုင်ရာမဏ္ဍပ်များမှ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆရာတော်ထံ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။



ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး ဆရာတော်ထံ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။



ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး ဆရာတော်ထံ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
အမိန့်ကြော်ငြာစာအမှတ် ၄၄ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ယာယီသမ္မတက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် စွမ်းစွမ်းတမံ ဆောင်ရွက်ကြသည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည်–

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များ**

**သရေစည်သူဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးသန်းထွန်းဦး | ဥက္ကဋ္ဌ | နေပြည်တော်ကောင်စီ |
| ၂။ | ဦးစိုးသိန်း | ဝန်ကြီးချုပ် | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၃။ | ဦးတင်မောင်ဝင်း | ဝန်ကြီးချုပ် | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ |

**စည်သူဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးခက်ထိန်နန် | ဝန်ကြီးချုပ် | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂။ | ဦးစောမြင့်ဦး | ဝန်ကြီးချုပ် | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၃။ | ဒေါက်တာဝုန်ဆွန်းထန် | ဝန်ကြီးချုပ် | ချင်းပြည်နယ်အစိုးရအဖွဲ့ |
| ၄။ | ဦးမြတ်ကို | ဝန်ကြီးချုပ် | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅။ | ဦးမျိုးဆွေဝင်း | ဝန်ကြီးချုပ် | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆။ | ဦးတင့်လွင် | ဝန်ကြီးချုပ် | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇။ | ဒေါ်သန်းသန်းဆွေ | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ**

**သီရိပျံချီဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဒေါက်တာဝါဝါမောင် | ပြည်ထောင်စုဝန်ကြီး | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဦးစိန်ဦး | ဝန်ကြီးချုပ် | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃။ | ဦးလွင်ဦး | ဥက္ကဋ္ဌ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး |
| ၄။ | ဦးပေါ်လွင်စိန် | ဥက္ကဋ္ဌ | မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး |

**ဝဏ္ဏကျော်ထင်ဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးထင်ကျော်သူ | ဒုတိယဝန်ကြီး | နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၃) |
| ၂။ | ဗိုလ်ချုပ်အောင်မျိုးသန့် | ဒုတိယဝန်ကြီး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်ချုပ်မင်းသူ | ဒုတိယဝန်ကြီး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၄။ | ဦးနိုင်မင်းကျော် | ဒုတိယဝန်ကြီး | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၅။ | ဦးဟန်ဝင်းအောင် | ဒုတိယဝန်ကြီး | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| ၆။ | ဦးသန့်စင်လွင် | ဒုတိယဝန်ကြီး | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဦးသိုက်စိုး | ဒုတိယဝန်ကြီး | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| ၈။ | ဦးနေမျိုးလှိုင် | ဒုတိယဝန်ကြီး | ပညာရေးဝန်ကြီးဌာန |
| ၉။ | ဦးဇင်မင်းထက် | ဒုတိယဝန်ကြီး | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၁၀။ | ဦးထိန်လင်း | ဒုတိယဝန်ကြီး | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၁၁။ | ဦးတိုးရီ | အဖွဲ့ဝင် | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး |
| ၁၂။ | ဗိုလ်ချုပ်ကိုလေး | ဒုတိယဝန်ကြီး(ငြိမ်း) | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ | ဦးစိုးကြည် | ဒုတိယဝန်ကြီး(ငြိမ်း) | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၁၄။ | ဒေါ်အေးအေးမော် | တရားသူကြီးချုပ် | ကချင်ပြည်နယ်တရားလွှတ်တော် |
| ၁၅။ | ဦးထွန်းထွန်းဦး | တရားသူကြီးချုပ် | ကယားပြည်နယ်တရားလွှတ်တော် |
| ၁၆။ | ဦးညွန့်လင်း | တရားသူကြီးချုပ် | ကရင်ပြည်နယ်တရားလွှတ်တော် |
| ၁၇။ | ဒေါ်မိမိမော် | တရားသူကြီးချုပ် | မကွေးတိုင်းဒေသကြီးတရားလွှတ်တော် |
| ၁၈။ | ဒေါ်မြအေး | တရားသူကြီးချုပ် | ရခိုင်ပြည်နယ်တရားလွှတ်တော် |
| ၁၉။ | ဒေါ်စန္ဒာသွယ် | တရားသူကြီးချုပ် | ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် |
| ၂၀။ | ဗိုလ်မှူးကြီးရဲမိုး | အဖွဲ့ဝင် | နေပြည်တော်ကောင်စီ |
| ၂၁။ | ဦးဇေယျာလင်း | အဖွဲ့ဝင် | နေပြည်တော်ကောင်စီ |
| ၂၂။ | ဦးမင်းဦး | အဖွဲ့ဝင် | နေပြည်တော်ကောင်စီ |
| ၂၃။ | ဦးဟန်သူ | အဖွဲ့ဝင် | နေပြည်တော်ကောင်စီ |
| ၂၄။ | ဗိုလ်မှူးကြီးကျော်သူရ | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂၅။ | ဦးမျိုးဆွေ | စီးပွားရေးရာဝန်ကြီး | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂၆။ | ဦးတိန့်ဆောင် | သယံဇာတရေးရာဝန်ကြီး | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂၇။ | ဦးမိုးမင်းသိန်း | လူမှုရေးရာဝန်ကြီး | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂၈။ | ဦးခင်မောင်ထွေး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂၉။ | ဦးကျော်မင်းခိုင် | တိုင်းရင်းသားရေးရာဝန်ကြီး | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၃၀။ | ဒေါ်နန်းလှလှအေး | ဥပဒေချုပ် | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၃၁။ | ဗိုလ်မှူးကြီးသန်းစိုးအောင် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၂။ | ဦးစောဟူးဟူး | သယံဇာတရေးရာဝန်ကြီး | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၃။ | ဦးအောင်မျိုးသိန်း | လူမှုရေးရာဝန်ကြီး | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၄။ | ဦးအောင်မျိုးသန်း | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၅။ | ဦးတင်လှ | တိုင်းရင်းသားရေးရာဝန်ကြီး | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၆။ | ဦးကြည်မြိုင် | ဥပဒေချုပ် | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၇။ | ဗိုလ်မှူးကြီးမင်းသူကျော် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၃၈။ | ဦးစောခင်မောင်မြင့် | စီးပွားရေးရာဝန်ကြီး | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၃၉။ | ဦးညီညီဇော် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၄၀။ | ဦးစန်းကို | တိုင်းရင်းသားရေးရာဝန်ကြီး | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၄၁။ | ဦးရဲလွင် | ဥပဒေချုပ် | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၄၂။ | ဦးဝင်းဇော်ဦး | လူမှုရေးရာဝန်ကြီး | ချင်းပြည်နယ်အစိုးရအဖွဲ့ |
| ၄၃။ | ဦးနေလင်းအောင် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ချင်းပြည်နယ်အစိုးရအဖွဲ့ |
| ၄၄။ | ဦးစိန်ထွန်းလှ | တိုင်းရင်းသားရေးရာဝန်ကြီး | ချင်းပြည်နယ်အစိုးရအဖွဲ့ |
| ၄၅။ | ဦးဆွန်းဒုတ်ကျင့် | ဥပဒေချုပ် | ချင်းပြည်နယ်အစိုးရအဖွဲ့ |
| ၄၆။ | ဗိုလ်မှူးကြီးဝင်းတင်စိုး | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၄၇။ | ဒေါ်ရီရီသန်း | စီးပွားရေးရာဝန်ကြီး | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၄၈။ | ဦးတင်သန်းဝင်း | သယံဇာတရေးရာဝန်ကြီး | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၄၉။ | ဦးညွန့်ဝင်းအောင် | လူမှုရေးရာဝန်ကြီး | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၀။ | ဦးခင်မောင်အေး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၁။ | ဦးထွန်းထွန်းဝင်း | ဥက္ကဋ္ဌ | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၂။ | ဦးမောင်ကြီး | စီးပွားရေးရာဝန်ကြီး | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၃။ | ဦးခင်မောင်မြင့် | သယံဇာတရေးရာဝန်ကြီး | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၄။ | ဦးသက်နိုင် | လူမှုရေးရာဝန်ကြီး | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၅။ | ဦးအောင်ဇော်လှိုင် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၆။ | ဦးစောမာတင်လူသာ | တိုင်းရင်းသားရေးရာဝန်ကြီး | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၇။ | ဦးအုန်းသန်း | ဥပဒေချုပ် | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၈။ | ဦးတင်ဦး | စီးပွားရေးရာဝန်ကြီး | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၉။ | ဦးတင်သိန်း | သယံဇာတရေးရာဝန်ကြီး | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၀။ | ဦးမျိုးအောင် | လူမှုရေးရာဝန်ကြီး | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၁။ | ဦးတင်ဆွေ | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၂။ | ဦးစောလင်းအောင် | တိုင်းရင်းသားရေးရာဝန်ကြီး | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၃။ | ဦးခင်မောင်တင့် | ဥပဒေချုပ် | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၄။ | ဗိုလ်မှူးကြီးမိုးမင်းသိန်း | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၅။ | ဦးအောင်ချိန် | စီးပွားရေးရာဝန်ကြီး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၆။ | ဦးစိုင်းမြင့်အေး | သယံဇာတရေးရာဝန်ကြီး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၇။ | ဦးမျိုးမြင့် | လူမှုရေးရာဝန်ကြီး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၈။ | ဦးအောင်သူဦး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၉။ | ဦးထွန်းခင် | တိုင်းရင်းသားရေးရာဝန်ကြီး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၀။ | ဦးတင့်ဝေ | ဥပဒေချုပ် | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၁။ | ဗိုလ်မှူးကြီးနေလင်းစိုး | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၂။ | ဦးသိန်းဌေး | စီးပွားရေးရာဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၃။ | ဦးရွှေဇင် | သယံဇာတရေးရာဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၄။ | ဦးအောင်ကျော်မိုး | လူမှုရေးရာဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၅။ | ဦးအောင်ဇော်ဦး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၆။ | ဦးစိုင်းနွမ် | တိုင်းရင်းသားရေးရာဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၇။ | ဦးကျော်ဆန်း | စည်ပင်သာယာရေးဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၈။ | ဦးမြင့်အောင် | ဥပဒေချုပ် | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၉။ | ဗိုလ်မှူးကြီးကျော်စွာမြင့် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | မွန်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၀။ | နိုင်လယိတမ(ခ) နိုင်ခင်မောင်ဇင် | စီးပွားရေးရာဝန်ကြီး | မွန်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၁။ | Dr အောင်မြတ်ကျော်စိန် | သယံဇာတရေးရာဝန်ကြီး | မွန်ပြည်နယ်အစိုးရအဖွဲ့ |

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

| | | | |
|---|---|---|---|
| ၈၂။ | ဦးတင်စန်းနိုင် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | မွန်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၃။ | ဦးခင်မောင်ဦး | တိုင်းရင်းသားရေးရာဝန်ကြီး | မွန်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၄။ | ဦးမြင့်အောင် | ဥပဒေချုပ် | မွန်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၅။ | ဗိုလ်မှူးကြီးကျော်သူရ | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၆။ | ဦးစံရွှေမောင် | စီးပွားရေးရာဝန်ကြီး | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၇။ | ဦးသက်ထွန်း | လူမှုရေးရာဝန်ကြီး | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၈။ | ဦးအောင်ကျော်မိုး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၉။ | ဦးတင်လှ | တိုင်းရင်းသားရေးရာဝန်ကြီး | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၉၀။ | ဦးလှသိန်း | ဥပဒေချုပ် | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၉၁။ | ဗိုလ်မှူးကြီးဝင်းတင့် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၂။ | ဦးမျိုးမြင့်အောင် | စီးပွားရေးရာဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၃။ | ဦးဇော်ဝင်း | သယံဇာတရေးရာဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၄။ | ဦးဌေးအောင် | လူမှုရေးရာဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၅။ | ဦးကျော်ကျော်စိုး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၆။ | ဦးစောဂျက်ကော့ထူး | တိုင်းရင်းသားရေးရာဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၇။ | ဦးဗိုလ်ဌေး | စည်ပင်သာယာရေးဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၈။ | ဒေါ်ဖြူမာဝေ | ဥပဒေချုပ် | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၉။ | ဗိုလ်မှူးကြီးစိန်ဝင်း | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၀။ | ဦးခွန်သိန်းမောင် | စီးပွားရေးရာဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၁။ | ဦးစိုင်းလိတ် | သယံဇာတရေးရာဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၂။ | ဦးမင်းမင်းလွင် | လူမှုရေးရာဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၃။ | ဦးနေဝင်းအောင် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၄။ | ဦးအောင်ကြည်ဝင်း | တိုင်းရင်းသားရေးရာဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၅။ | ဦးစိုင်းကျော်ဇံ | ဥပဒေချုပ် | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၆။ | ဦးအာကာလင်း | ဥက္ကဋ္ဌ | ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၇။ | ဦးခွန်ရဲထွေး | ဥက္ကဋ္ဌ | ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၈။ | တားသိန်းဇော် | ဥက္ကဋ္ဌ | ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၉။ | ဦးအုန်းမြင့် | သယံဇာတရေးရာဝန်ကြီး | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၁၁၀။ | ဦးခင်မောင်ကြည် | လူမှုရေးရာဝန်ကြီး | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၁၁၁။ | ဦးစောလင်းခယ် | တိုင်းရင်းသားရေးရာဝန်ကြီး | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၁၁၂။ | ဒေါ်ခင်ခင်နွယ် | ဥပဒေချုပ် | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
အမိန့်အမှတ် ၆ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်)
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်နေ့ အခါသမယနှင့် ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင် /အချုပ်ထောင် / စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူ ၂၈၂၅ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ **“နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်”** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
အမိန့်အမှတ် ၈ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်)
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်နေ့ အခါသမယနှင့် ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂(က) အရ ပြစ်မှုကျူးလွန်၍ အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူ ၇၃၃၇ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ **“နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်”** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
အမိန့်အမှတ် ၇ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်)
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်နေ့ အခါသမယနှင့် ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင်ကျရောက်သည့် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော နိုင်ငံခြားသား အကျဉ်းသား/ အကျဉ်းသူ ၁၀ ဦးကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ **“နောက်တစ်ကြိမ် ပြစ်မှု ထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်”** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)၊ ၅၂(က) ဖြင့် ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်းခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
အမိန့်အမှတ် ၉ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်)
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)၊ ၅၂(က) ဖြင့်**
**ကြားနာစစ်ဆေးဆဲအမှုများကိုပိတ်သိမ်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်နေ့ အခါသမယနှင့် ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင်ကျရောက်သည့် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂(က)ဖြင့် လည်းကောင်း၊ ယင်းပြစ်မှုများဖြင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့်လည်းကောင်း တရားစွဲဆိုခံထားရသူ ၁၂၄၈၇ ဦး၏ တရားရုံးကြားနာစစ်ဆေးဆဲ အမှုပေါင်း ၉၅၃၂ မှုကို ပိတ်သိမ်း၍ တရားခံများအား အမှုမှလွှတ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

ကမ္ဘာ့အင်ဂျင်နီယာများနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်နည်းပညာဖြင့် တည်တံ့ခိုင်မြဲသော အနာဂတ်ဆီသို့

လူသားတို့၏ သမိုင်းစဉ်တစ်လျှောက် အင်ဂျင်နီယာပညာသည် ယဉ်ကျေးမှုတည်ဆောက်ခြင်း၏ အခြေခံအုတ်မြစ်ဖြစ်ခဲ့ပါသည်။ ကျောက်ခေတ်မှ ဒစ်ဂျစ်တယ်ခေတ်အထိ လူသားတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရင်း တီထွင်ဆန်းသစ်မှု၏ ရှေ့ဆောင်လမ်းပြအဖြစ် အမြဲတမ်းရပ်တည်ခဲ့ပါသည်။ ၂၀၂၆ ခုနှစ် မတ်လ ၄ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့အင်ဂျင်နီယာများနေ့ (World Engineering Day for Sustainable Development)သည် ဤအရေးပါသော ပညာရပ်၏ အနာဂတ်ကို ပြန်လည်အကဲဖြတ်ရန် အခွင့်အလမ်းကောင်းတစ်ခုဖြစ်သည်။ ထိုနေ့သည် ကမ္ဘာတစ်ဝန်းရှိ အင်ဂျင်နီယာများ၏ အခန်းကဏ္ဍနှင့် လူ့အသိုင်းအဝိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးပေးနေသော အင်အားကို ဂုဏ်ပြုပေးသည့် အထိမ်းအမှတ်နေ့လည်း ဖြစ်ပါသည်။




ယခုနှစ် ကမ္ဘာ့အင်ဂျင်နီယာများနေ့၏ဆောင်ပုဒ်ဖြစ်သော **"Smart Engineering for Sustainable Future through Innovation and Digitalization"** သည် ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်နည်းပညာကို အခြေခံအသုံးချ၍ တည်တံ့မြဲမြံသော အနာဂတ်ကို ဖန်တီးတည်ဆောက်ရန် စမတ်အင်ဂျင်နီယာပညာကို မြှင့်တင်အသုံးချရမည်ကို ရည်ညွှန်းထားခြင်းပင် ဖြစ်သည်။

အင်ဂျင်နီယာပညာဆိုသည်မှာ သိပ္ပံနည်းကျ အယူအဆများနှင့် လက်တွေ့ကမ္ဘာ၏ ပြဿနာများကို ဖြေရှင်းရန် အသုံးချခြင်းဖြစ်သည်။ သို့သော် ယနေ့ခေတ်တွင် ရိုးရိုးသာမန် အင်ဂျင်နီယာပညာထက် ကျော်လွန်သော **"စမတ်အင်ဂျင်နီယာပညာ" (Smart Engineering)** ဟူသည့် အသုံးအနှုန်းမှာ ပိုမိုအရေးပါလာသည်။

**စမတ်အင်ဂျင်နီယာပညာ** ဆိုသည်မှာ ပြဿနာတစ်ရပ် သို့မဟုတ် ရည်မှန်းချက်တစ်ရပ်အတွက် သင့်လျော်သော ဖြေရှင်းချက်ကို စနစ်တကျရှာဖွေဖော်ထုတ်ကာ အကောင်အထည်ဖော်သည့် အင်ဂျင်နီယာနည်းလမ်းတစ်ရပ် ဖြစ်ပါသည်။ ယင်းတွင် အမြင်ကျယ်စွာ စဉ်းစားတီထွင်ခြင်း၊ မော်ဒယ်ဖန်တီးစမ်းသပ်ခြင်း၊ အကျယ်တဝင့် အသုံးချနိုင်ရန် တိုးချဲ့အကောင်အထည်ဖော်ခြင်းတို့ကို ပေါင်းစပ်ဆောင်ရွက်ပါသည်။

ဤလုပ်ငန်းစဉ်တွင် သိပ္ပံပညာဆိုင်ရာ ဗဟုသုတများ၊ စီးပွားရေးဆိုင်ရာ အသိပညာများ၊ လူမှုရေးဆိုင်ရာ နားလည်မှုများနှင့် လက်တွေ့အသုံးချနိုင်သော ကျွမ်းကျင်မှုများကို ပေါင်းစပ်အသုံးချခြင်းဖြင့် ထုတ်ကုန်တစ်ခု ဖန်တီးခြင်းသာမက လူသားဘဝ အရည်အသွေးမြှင့်တင်ရေးကိုပါ ရည်ရွယ်ပါသည်။

ထို့ကြောင့် စမတ်အင်ဂျင်နီယာပညာသည် အသုံးပြုသူများ၏ စိတ်ထဲတွင် အလွန်ပင် အံ့သြသင့်စေလောက်သော အတွေ့အကြုံများကို ဖန်တီးပေးနိုင်ပြီး လူ့အဖွဲ့အစည်းအတွက် အရေးပါသည့် အကျိုးကျေးဇူးများကို ဆောင်ကြဉ်းပေးလျက်ရှိသည်။

**စမတ်အင်ဂျင်နီယာပညာ၏ မောင်းနှင်အား (၁၀) ရပ်**

**၁။ ခေတ်ကာလအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးသော အင်ဂျင်နီယာပညာ (Need-of-the-Hour Engineering)**

သမိုင်းတစ်လျှောက် အင်ဂျင်နီယာပညာ၏ ဦးတည်ချက်သည် ခေတ်ကာလ၏ လိုအပ်ချက်အရ ပြောင်းလဲခဲ့ကြရပါသည်။ ဘီစီခေတ်က လယ်ယာစိုက်ပျိုးရေးအတွက် ရေသွင်းစနစ်များနှင့် မြေဆီလွှာ လေ့လာမှုကို အဓိကထားခဲ့ရာမှ ကျောက်ခေတ်မှ သတ္တုခေတ်သို့ ကူးပြောင်းလာသည်နှင့်အမျှ အစားအစာ ချက်ပြုတ်ခြင်းနှင့် ပြင်ဆင်ထုတ်လုပ်ခြင်း နည်းပညာများ ပြောင်းလဲလာခဲ့ပါသည်။ ယနေ့ခေတ်တွင် အင်တာနက်နှင့် မိုဘိုင်းနည်းပညာများကြောင့် ကမ္ဘာကြီးသည် **"ကမ္ဘာလုံးဆိုင်ရာ ရွာငယ်လေး"** တစ်ခုအဖြစ် ပြောင်းလဲသွားခဲ့ပြီး လူတို့၏ ထုတ်လုပ်မှုစွမ်းအားကို သိသိသာသာ မြှင့်တင်ပေးနိုင်ခဲ့သည်။ ယခုအခါ အသံဖြင့် ဖုန်းခေါ်ဆိုခြင်းနှင့် SMS ပေးပို့ခြင်းတို့မှ အချိန်နှင့်တစ်ပြေးညီ စာပို့စနစ်များ၊ လူမှုကွန်ရက်မီဒီယာ အသုံးပြုမှုများအထိ တိုးတက်လာခဲ့ပြီဖြစ်သည်။

> **❝ ယနေ့ကမ္ဘာကြီးတွင် ရာသီဥတုပြောင်းလဲမှု၊ စွမ်းအင်အခက်အခဲ၊ အရင်းအမြစ်ရှားပါးမှုနှင့် ဒစ်ဂျစ်တယ်ကွာဟမှုတို့သည် အရေးကြီးသော စိန်ခေါ်မှုများဖြစ်၊ စမတ်အင်ဂျင်နီယာပညာ (Smart Engineering)သည် ထိရောက်မှုမြှင့်တင်ခြင်း၊ စွမ်းအင်သုံးစွဲမှုလျှော့ချခြင်း၊ ဒစ်ဂျစ်တယ် ချိတ်ဆက်မှုတိုးချဲ့ခြင်း၊ လူမှုအကျိုးပြုဖြေရှင်းချက်များ ဖန်တီးခြင်းတို့မှတစ်ဆင့် အဆိုပါစိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အရေးပါသော အခန်းကဏ္ဍမှ ထမ်းဆောင်နိုင် ❞**

ထို့ကြောင့် ယနေ့ခေတ်၏ လိုအပ်ချက်မှာ Broadband နှင့် Connectivity များကို ကျယ်ပြန့်စွာ ဖြန့်ကြက်အသုံးပြုနိုင်ရေးနှင့် လိုအပ်သည့် အခြေခံအဆောက်အအုံများကို အကောင်းဆုံး ထိန်းညှိတိုးတက်အောင် ပြုလုပ်နိုင်ရေးပင် ဖြစ်သည်။ ၂၀၂၆ ခုနှစ် ကမ္ဘာ့အင်ဂျင်နီယာများနေ့၏ဆောင်ပုဒ်အရ ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်စနစ်သည် ဤလိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ဥပမာအားဖြင့် 5G ကွန်ရက်များ ဖြန့်ကြက်ခြင်းသည် ကျေးလက်ဒေသများအပါအဝင် နေရာအနှံ့ မြန်နှုန်းမြင့် အင်တာနက်ရရှိရေးအတွက် အရေးပါသည့် အင်ဂျင်နီယာဆိုင်ရာ စိန်ခေါ်မှုတစ်ခု ဖြစ်ပါသည်။ ယနေ့ခေတ်တွင် Connectivity နှင့် Digital Infrastructure (Broadband, Smart Grid, Data Center, 5G စနစ်များ) သည် အရေးပါဆုံးလိုအပ်ချက်များ ဖြစ်သည်။



**၂။ တိုးတက်ပြုပြင်ထားသော အင်ဂျင်နီယာပညာ (Improvised Engineering)**

တူညီသော ရည်ရွယ်ချက်ကို ပိုမိုခေတ်မီသည့် နည်းပညာများဖြင့် အောင်မြင်အောင် ဆောင်ရွက်ခြင်းသည် တိုးတက်ပြုပြင်ထားသော အင်ဂျင်နီယာပညာ (Improvised Engineering) ၏ အဓိကအချက်ဖြစ်သည်။ ရှေးခေတ်က အချိန်ကို တိုင်းတာရန် တုတ်၏ အရိပ်ကိုသာ အားကိုးခဲ့ရာမှ Sun Dial နှင့် Jantar Mantar ကဲ့သို့သော ကိရိယာများ ပေါ်ပေါက်လာခဲ့သည်။ ယနေ့ခေတ်တွင် အိုလံပစ်ပြိုင်ပွဲ၌ စက္ကန့်၏ အစိတ်အပိုင်းလေးများကိုပင် တိကျစွာ ဖမ်းယူနိုင်သည့် အလွန်တိကျသော အချိန်တိုင်းတာရေးကိရိယာများ ရှိလာခဲ့ပြီ ဖြစ်ပါသည်။

အလားတူ ပုံနှိပ်နည်းပညာသည်လည်း Offset Printing မှ Digital Printer များ၊ Dot Matrix မှ Laser Jet သို့ ဆင့်ကဲပြောင်းလဲလာခဲ့ပြီး ယခုအခါ 3D Printing နည်းပညာသည် ပစ္စည်းကိုဖြတ်တောက်ဖယ်ရှားသည့် Subtractive နည်းလမ်းမှ ပစ္စည်းကို အလွှာလိုက် ထည့်သွင်းတည်ဆောက်သည့် Additive နည်းလမ်းသို့ ပြောင်းလဲမှုကြီးတစ်ရပ်ကို ဖန်တီးပေးလျက်ရှိပါသည်။ ဤပြောင်းလဲမှုသည် ဆန်းသစ်တီထွင်မှု၏ သက်သေသာဓကတစ်ခုဖြစ်ပြီး ဒစ်ဂျစ်တယ်စနစ် (Digitalization) သည် ဤတိုးတက်မှုအားလုံး၏ ကျောရိုးမကြီးအဖြစ် ရပ်တည်နေပါသည်။

**ကိုချင်း**

**၃။ အခြေခံအထိ အသေးစိတ်လေ့လာ ချုံ့ကြည့်နိုင်သော အင်ဂျင်နီယာပညာ (Strip-Down Engineering)**

အခြေခံအထိ အသေးစိတ်လေ့လာ ချုံ့ကြည့်နိုင်သော အင်ဂျင်နီယာပညာ (Strip-Down Engineering) သည် ပြန်လည်ဆန်းစစ်တီထွင်သော အင်ဂျင်နီယာပညာ (Reverse Engineering) နှင့် ချွေတာသုံးစွဲသည့် အင်ဂျင်နီယာပညာ (Frugal Engineering) တို့၏ အားသာချက်များကို ပေါင်းစပ်ထားသော နည်းလမ်းတစ်ရပ်ဖြစ်ပြီး မရှိမဖြစ် လိုအပ်သော လုပ်ဆောင်ချက်များကိုသာ ထိန်းသိမ်းကာ ကုန်ကျစရိတ်လျှော့ချသော နည်းလမ်းဖြစ်သည်။ ပရေတို၏ ၈၀:၂၀ သဘောတရားကို အခြေခံကာ မရှိမဖြစ် လိုအပ်သော လုပ်ဆောင်ချက်များကိုသာ ထိန်းသိမ်းထားနိုင်ရန် ဆန်းစစ်ခြင်းဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ အသုံးပြုသူများ၏ အမြင်အရ အရေးပါဆုံးသော လုပ်ဆောင်ချက်များ ၈၀ ရာခိုင်နှုန်းကို ရွေးချယ်ကာ ကုန်ကျစရိတ်ကို ၂၀ ရာခိုင်နှုန်း လျှော့ချနိုင်အောင် အကောင်အထည်ဖော်ခြင်း ဖြစ်ပါသည်။

ဥပမာအားဖြင့် ဈေးနှုန်းချိုသာသော ကားတစ်စီးကို ဒီဇိုင်းဆွဲရာတွင် ဘီးနပ်ခေါင်း လေးလုံး အစားသုံးလုံးသာ သုံး၍ရမလားဟူသော မေးခွန်းထုတ်ခြင်းမျိုးဖြစ်ပါသည်။ ဤနည်းလမ်းသည် ကုန်ကျစရိတ်နှင့် အကျိုးကျေးဇူးတို့၏ အချိုးကို အမြဲတမ်းချိန်ဆသုံးသပ်နေပြီး လူမှုအလွှာအောက်ဆုံး (bottom-of-the-pyramid) လူထုအတွက် သင့်လျော်သည့် ထုတ်ကုန်များ ဖန်တီးရာတွင် အလွန်ထိရောက်မှုရှိပါသည်။ ဤသည်မှာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအချက် တစ်ချက်ဖြစ်သည့် အရင်းအမြစ်များကို ထိရောက်စွာ အသုံးချခြင်းနှင့် ကိုက်ညီပါသည်။

**၄။ စွမ်းဆောင်ရည်မြှင့်တင်သော အင်ဂျင်နီယာပညာ (Performance-Boosting Engineering)**

ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုတစ်ခု၏ အောင်မြင်မှုသည် ၎င်း၏ စွမ်းဆောင်ရည်အပေါ်တွင် မူတည်ပါသည်။ စွမ်းဆောင်ရည်မြှင့်တင်သော အင်ဂျင်နီယာပညာ (Performance-Boosting Engineering)သည် ကန့်သတ်ချက်များကိုထည့်သွင်းစဉ်းစားထားကာ ဖြေရှင်းချက်၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန် ရည်ရွယ်ပါသည်။ မိုဘိုင်းဖုန်းများတွင် Single-core မှ Octa-core ပရိုဆက်ဆာများအထိ တိုးတက်လာခြင်းသည် အပြိုင်လုပ်ဆောင်မှု (Parallel Processing) များကို အသုံးချနိုင်ရန်နှင့် လုပ်ဆောင်နိုင်စွမ်းတို့ကို မြှင့်တင်ရန်ဖြစ်သည်။

Heterogeneous Processing Environment တွင် Code များကို ASIC, DSP, CPU, GPU အစရှိသည့် ချစ်ပ်များအကြား သင့်လျော်စွာ ခွဲဝေတင်ဆက်နိုင်ခြင်းသည် စနစ်တစ်ခုလုံး၏ စွမ်းဆောင်ရည်ကို သိသိသာသာ မြှင့်တင်ပေးနိုင်ပါသည်။ ထို့အပြင် Multi-resolution Systems များ ဖန်တီးခြင်းလည်း ပါဝင်ပါသည်။ ဥပမာ ကင်မရာ အရည်အသွေးအမျိုးမျိုးရှိသော ဖုန်းများ ထုတ်လုပ်နိုင်ခြင်းဖြစ်သည်။ ဤကဏ္ဍသည် ဆန်းသစ်တီထွင်မှု (Innovation) ၏ တိုက်ရိုက်သက်ရောက်မှုကို ပြသပြီး ဒစ်ဂျစ်တယ်စနစ်၏ အကူအညီဖြင့် ပိုမိုရှုပ်ထွေးသော လုပ်ဆောင်ချက်များကို ထည့်သွင်းနိုင်စေရန်နှင့် တုံ့ပြန်ချိန်ကို လျှော့ချနိုင်စေရန် ဆောင်ရွက်ပေးပါသည်။

*စာမျက်နှာ ၉ သို့*

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့ စကား”** အစီအစဉ်မှ **“အများပြည်သူ ဒုက္ခရောက်စေရန် ခရီးသည်တင် လေကြောင်းကိုပါ သိသိကြီးနဲ့ အကြမ်းဖက်တိုက်ခိုက်လာသော KIA နှင့် အပေါင်းပါ PDF များ”** ခေါင်းစဉ်ဖြင့် မတ် ၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ၁၁-၃- ၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“အကြမ်းဖက်တွေရဲ့ နွေဦးတော်လှန်ရေးခေါင်းစဉ်အောက်မှာ သာသနာ့ဝန်ထမ်း ဘုရားသားသမီးတွေရဲ့ ဆွမ်းခံခရီးတောင် အန္တရာယ်မကင်းတော့ပြီလား”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။

အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်း ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၈ မှ*

**၅။ ဉာဏ်ရည်ထက်မြက်စနစ် အင်ဂျင်နီယာပညာ (IntelliSys Engineering)**

ဉာဏ်ရည်ထက်မြက်သော စက်ပစ္စည်းများသည် အာရုံခံကိရိယာ(Sensor)၊ လှုပ်ရှားမှုထိန်းချုပ်ကိရိယာ(Actuator)နှင့် ထိန်းချုပ်ကိရိယာ (Controller) များမှတစ်ဆင့် အာရုံခံခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်းနှင့် ထိန်းချုပ်ခြင်း စသည့်လုပ်ဆောင်ချက်များကို အသုံးချကြပါသည်။ ဉာဏ်ရည်ထက်မြက်စနစ် အင်ဂျင်နီယာပညာ (IntelliSys Engineering) သည် ဉာဏ်ရည်ထက်မြက်စေသည့် စနစ်များကို အားပေးတည်ဆောက်ပေးပြီး ပြန်လည်တုံ့ပြန်မှုထိန်းချုပ်စနစ် (Closed-loop Control) အပေါ် အခြေခံသည့် အလိုအလျောက်လည်ပတ်မှု၊ စွမ်းအင်ထိရောက်မှုနှင့် ကွန်ရက်ချိတ်ဆက်နိုင်မှုတို့ကို ပံ့ပိုးပေးပါသည်။

ဥပမာအားဖြင့် Smart Home Platform ကို တည်ဆောက်ခြင်းတွင် အိမ်တစ်အိမ်၏ စွမ်းအင်သုံးစွဲမှုကို အချိန်နှင့်တစ်ပြေးညီတိုင်းတာပြီး လျှပ်စစ်ခတ်အားခန့်မှန်းထားအလိုက် သုံးစွဲမှုကို ထိန်းချုပ်နိုင်ခြင်းမျိုး ဖြစ်ပါသည်။ Connected Car Platform တွင်လည်း ကားတာယာ၏ Pressure Sensor များက ဘီးလေလျော့ခြင်းကို ကြိုတင်သိရှိနိုင်ပြီး ယာဉ်မောင်းအား သတိပေးနိုင်ပါသည်။ ယနေ့ခေတ် အင်ဂျင်နီယာပညာ၏ အဓိကကျသော အစိတ်အပိုင်းမှာ ဉာဏ်ရည်တု (AI) နှင့် စက်သင်ယူမှု (Machine Learning) နည်းပညာများကို အသုံးချကာ အချက်အလက်ဒေတာများကို ခွဲခြမ်းစိတ်ဖြာပြီး ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်ဖြစ်ပါသည်။ ဤသည်မှာ ကမ္ဘာ့အင်ဂျင်နီယာများနေ့၏ ဆောင်ပုဒ်ပါ ဒစ်ဂျစ်တယ်စနစ် (Digitalization) ၏ အနှစ်သာရပင် ဖြစ်ပါသည်။

**၆။ ကဏ္ဍပေါင်းစည်း တီထွင်ဖန်တီးမှု အင်ဂျင်နီယာပညာ (Cross-Pollination Engineering)**

ယနေ့ခေတ်တွင် န ယ်ပယ်အသစ်များ အမြဲပေါ်ပေါက်လျက်ရှိပြီး ပြဿနာအချို့ကို ဖြေရှင်းရာတွင် နယ်ပယ်ပေါင်းစုံမှ ကျွမ်းကျင်မှုများ လိုအပ်လာပါသည်။ ဤသည်မှာ ကဏ္ဍပေါင်းစည်း တီထွင်ဖန်တီးမှု အင်ဂျင်နီယာပညာ (Cross-Pollination Engineering) ဖြစ်ပါသည်။ ဘူမိဗေဒ (Geology) နှင့် ဇီဝဗေဒ (Biology) ကို ပေါင်းစပ်ခြင်းဖြင့် Geo-microbiology နယ်ပယ်အသစ် ပေါ်ပေါက်လာပြီး မြေဆီလွှာမှတစ်ဆင့် အစားအစာသို့ ပိုးမွှားများ ကူးစက်ခြင်းကို လေ့လာနိုင်ပါသည်။ ပထဝီဗေဒ (Geography) နှင့် သတင်းအချက်အလက်ပညာတို့ ပေါင်းစပ်ခြင်းသည် Geographic Information System (GIS) ဖွံ့ဖြိုးတိုးတက်ရေးကို လမ်းဖွင့်ပေးခဲ့ပါသည်။

Optical Physics နှင့် Telecommunication ကို ပေါင်းစပ်ကာ Fiber Optic Communication နယ်ပယ်အသစ် ဖြစ်ပေါ်လာပါသည်။ ဤသို့ နယ်ပယ်ပေါင်းစုံမှ အတွေးအခေါ်များနှင့် နည်းပညာများကို ပေါင်းစည်းခြင်းသည် ဆန်းသစ်တီထွင်မှု၏ အဓိကအရင်းအမြစ်ဖြစ်သည်။ ဥပမာအားဖြင့် ယခုအခါ ဆောက်လုပ်ရေးလုပ်ငန်းတွင် 3D ပုံနှိပ်စက်နည်းပညာကို အသုံးပြု၍ အိမ်များ ဆောက်လုပ်လာနိုင်ပြီ ဖြစ်ပါသည်။ ဤသည်မှာ ပစ္စည်းဆိုင်ရာ သိပ္ပံပညာ (Material Science) နှင့် ဆောက်လုပ်ရေးအင်ဂျင်နီယာတို့ ပေါင်းစည်းခြင်း၏ ရလဒ် ဖြစ်ပါသည်။

**၇။ အထောက်အကူပြု ဉာဏ်ရည်မြင့် အင်ဂျင်နီယာပညာ (Smart-Auxiliary Engineering)**

အင်ဂျင်နီယာပညာသည် သိပ္ပံရှာဖွေတွေ့ရှိမှုများကို ထုတ်ကုန်များအဖြစ် တိုးချဲ့ဖော်ဆောင်ပေးရုံသာမက သိပ္ပံပရောဂျက်များအတွက် နောက်ခံအထောက်အကူအဖြစ်လည်း ပါဝင်ပါသည်။ ဆွစ်ဇာလန်နိုင်ငံ CERN ရှိ Large Hadron Collider (LHC) ခေါ် ရောမ အမှုန်အစုအဝေးအရှိန်မြှင့်စက်ကြီးကို အသုံးပြုပြီး စကြဝဠာ၏ ပြင်းထန်ပေါက်ကွဲမှုကြီး (Big Bang) ဖြစ်စဉ်အပြီး စက္ကန့်သန်းပေါင်းများစွာ၏ တစ်သန်းပုံတစ်ပုံအကြာ အခြေအနေကို အတုယူစမ်းသပ်နေခြင်းသည် အင်ဂျင်နီယာပညာ၏ အံ့မခန်းအောင်မြင်မှုတစ်ရပ်ဖြစ်ပြီး Big Bang ဖြစ်စဉ်ကို စမ်းသပ်လေ့လာနိုင်ရန် တည်ဆောက်ထားခြင်း ဖြစ်ပါသည်။

အင်ဂျင်နီယာပညာ၏ အထောက်အကူပြု အခန်းကဏ္ဍကို အသေးအဖွဲဟု မထင်သင့်ပါ။ Boeing 787 Dreamliner လေယာဉ်တွင် Nickel Hydride ဘက်ထရီများအစား စွမ်းအင်နှစ်ဆထုတ်လုပ်နိုင်ပြီး နေရာတစ်ဝက်သာယူသော Lithium-ion ဘက်ထရီများကို အသုံးပြုခဲ့ပါသည်။ သို့သော် Lithium-ion ဘက်ထရီများသည် ဖိအားနှင့် အပူချိန်မြင့်မားမှုကြောင့် လျှပ်စစ်ပတ်လမ်းအတွင်း Short-Circuit ဖြစ်ကာ မီးလောင်မှုအန္တရာယ် ဖြစ်ပွားခဲ့ပါသည်။ ဤပြဿနာကြောင့် Dreamliner လေယာဉ်များကို ကမ္ဘာတစ်ဝန်း ရပ်နားခဲ့ရသည်အထိ ဖြစ်ခဲ့ရပါသည်။ ဤဖြစ်ရပ်သည် Smart-Auxiliary Engineering ၏ အရေးပါမှုကို ထင်ရှားစွာပြသခဲ့ပါသည်။ အရန်စနစ်များ၏ လုံခြုံရေး၊ ထိရောက်မှုနှင့် ယုံကြည်စိတ်ချရမှုသည် ပင်မစနစ်၏ အောင်မြင်မှုကို အဆုံးအဖြတ်ပေးနိုင်ပါသည်။

**၈။ တည်တံ့မြဲမြံသော အင်ဂျင်နီယာပညာ (Sustainable Engineering)**

ရေရှည်တည်တံ့ခိုင်မြဲမှု (Sustainability) သည် ၂၀၂၆ ခုနှစ် ကမ္ဘာ့အင်ဂျင်နီယာများနေ့၏ အဓိကကျသော အကြောင်းအရာ ဖြစ်ပါသည်။ တည်တံ့မြဲမြံသော အင်ဂျင်နီယာပညာ (Sustainable Engineering) သည် ပတ်ဝန်းကျင်နှင့် ဟန်ချက်ညီညီ တည်တံ့မြဲမြံစေရေးကို အဓိကရည်ရွယ်ပါသည်။ ယနေ့ခေတ်တွင် အပူဓာတ်အခြေပြု စွမ်းအင်အသုံးပြုမှုကိုလျှော့ချပြီး နေရောင်ခြည်စွမ်းအင်နှင့် နျူကလီးယားစွမ်းအင်တို့သို့ ကူးပြောင်းအသုံးပြုလာကြပါသည်။ စွမ်းအင်ထုတ်လုပ်မှုသာမက ပိုမိုထိရောက်သော လျှပ်စစ်ဖြန့်ဝေမှုအတွက် Smart Grid စနစ်များကိုလည်း တီထွင်ဖန်တီးနေကြပါသည်။

ဥပမာအားဖြင့် အီလက်ထရွန်နစ် ဆားကစ်များတွင် ယခင်က 3V သို့မဟုတ် 5V ဖြင့် လည်ပတ်ခဲ့သည့် ဒစ်ဂျစ်တယ်ချစ်ပ်များကို ယနေ့တွင် 1.8V ဖြင့် လည်ပတ်နိုင်အောင် တိုးတက်ဖန်တီးနိုင်ခဲ့ပါသည်။ စွမ်းအင်သုံးစွဲမှုကို သတိပြုစီမံသော (energy-aware) ပရိုတိုကောများကိုလည်း ဒီဇိုင်းထုတ်ခဲ့ကြပါသည်။ ထို့အပြင် ပြန်လည်အသုံးပြုနိုင်သောပစ္စည်းများ (recycled materials) ကို အသုံးပြုခြင်း၊ စွန့်ပစ်ပစ္စည်း အနည်းဆုံးဖြစ်အောင် ဒီဇိုင်းဆွဲခြင်းတို့သည်လည်း Sustainable Engineering ၏ အဓိကအစိတ်အပိုင်းများ ဖြစ်ပါသည်။

**၉။ သဘာဝအခြေပြု အင်ဂျင်နီယာပညာ (Nature-Inspired Engineering)**

သဘာဝတရားသည် အင်ဂျင်နီယာများအတွက် အကောင်းဆုံးသင်ခန်းစာ ဖြစ်ပါသည်။ Nature-Inspired Engineering သည် သဘာဝရှိ သတ္တဝါများနှင့် အပင်များမှ လှုံ့ဆော်မှုရယူကာ ထုတ်ကုန်များကို ဒီဇိုင်းဆွဲခြင်း ဖြစ်ပါသည်။ ဥပမာအားဖြင့် ဂျပန်နိုင်ငံ၏ မြန်နှုန်းမြင့် မီးရထား Bullet Train သည် ဥမင်လိုဏ်ခေါင်းမှ ထွက်လာချိန်တွင် အလွန်ကျယ်လောင်သောအသံ ပြဿနာရှိခဲ့ရာ ရေထဲသို့ ထိုးဆင်းရာတွင် ရေမျက်နှာပြင်ကို မထိခိုက်စေဘဲ လျှောကျဝင်နိုင်သော Kingfisher ၏ နှုတ်သီးပုံစံကို အတုယူကာ ရထား၏ဦးခေါင်းပုံစံကို ပြန်လည်ဒီဇိုင်းဆွဲခဲ့ခြင်း ဖြစ်ပါသည်။ Mercedes-Benz ၏ Bionic Concept Vehicle ကို Boxfish ငါး၏ လေဆန်မှုနည်းသော ကိုယ်လုံးပုံစံနှင့် ခိုင်မာသော အပြင်အလွှာ (exo-skeleton) ကို လေ့လာကာ ဒီဇိုင်းဆွဲထားပါသည်။ ကြာပန်း (Lotus) ၏ အရွက်များသည် ရေစက်နှင့် ဖုန်မှုန့်များကို လွယ်ကူစွာ ဖယ်ရှားနိုင်သော ဂုဏ်သတ္တိရှိရာ ထိုသဘောတရားကို အပြင်အလွှာသုတ်ဆေးများ၊ အထည်အလိပ်များတွင် အသုံးချခဲ့ကြပါသည်။ ဤနည်းလမ်းသည် ဆန်းသစ်တီထွင်မှု၏ နောက်ထပ် မျက်နှာစာတစ်ခုကို ဖွင့်ပြထားခြင်းပင် ဖြစ်ပါသည်။

**၁၀။ အနာဂတ်ကို ဦးတည်သော အင်ဂျင်နီယာပညာ (Forward-Looking Engineering)**

အနာဂတ်ကို ဦးတည်သော အင်ဂျင်နီယာပညာ (Forward-Looking Engineering) သည် အနာဂတ်ကိုမြော်တွေးပြီး သိပ္ပံအယူအဆများကို လက်တွေ့အကောင်အထည်ဖော်ရန် ရည်ရွယ်ပါသည်။ ယနေ့ခေတ်တွင် ရုပ်ပိုင်းဆိုင်ရာ ကမ္ဘာနှင့် ဒစ်ဂျစ်တယ်ကမ္ဘာတို့ ပေါင်းစည်းလာနေပါသည်။ ဒစ်ဂျစ်တယ်ကမ္ဘာ (Virtual Reality) မှ မြှင့်တင်ထားသော လက်တွေ့ကမ္ဘာ (Augmented Reality) သို့ တိုးတက်ရွေ့လျားလာကာ အသုံးပြုသူများ၏ ဆက်ဆံရေး (User Interaction)များလည်း ထိတွေ့ခြင်းအခြေပြု (Touch-based) မှ လက်ဟန်အခြေပြု (Gesture-controlled) အဆင့်သို့ ပြောင်းလဲလာနေပါသည်။

ကွမ်တမ် ကုဒ်သွင်းစနစ် (Quantum Cryptography)သည် အနာဂတ်ကို ဦးတည်သော အင်ဂျင်နီယာပညာ (Forward-Looking Engineering) ၏ ထင်ရှားသော ဥပမာတစ်ခု ဖြစ်သည်။ ကွမ်တမ်တွက်ချက်ရေးပညာ (Quantum Computing) သည် တစ်ပြိုင်နက်တည်ရှိခြင်း (Superposition) နှင့် ဆက်စပ်ယှက်နွယ်ခြင်း (Entanglement) သဘောတရားများကို အသုံးပြုသော ကွမ်တမ်ကွန်ပျူတာ၏ အခြေခံအကျဆုံး သတင်းအချက်အလက်ယူနစ် (Qubit) များအပေါ်တွင် အခြေခံထားသည်။ သိပ္ပံစိတ်ကူးယဉ် (Science Fiction) အတွေးအခေါ်များကိုပင် လက်တွေ့အသုံးချနိုင်သည့် နည်းပညာအဖြစ် ပြောင်းလဲအကောင်အထည်ဖော်ရန် အင်ဂျင်နီယာများက ကြိုးပမ်းနေကြသည်။ ဥပမာအားဖြင့် လူသားများ လကမ္ဘာသို့ ပြန်လည်သွားရောက်ခြင်း၊ အင်္ဂါဂြိုဟ်ပေါ်တွင် နေထိုင်ရန် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းတို့သည် အနာဂတ်ကို ဦးတည်သော အင်ဂျင်နီယာပညာ၏ စိန်ခေါ်မှုများပင် ဖြစ်သည်။

**အနာဂတ် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ခရီးလမ်း**

ယနေ့ကမ္ဘာကြီးတွင် ရာသီဥတုပြောင်းလဲမှု၊ စွမ်းအင်အခက်အခဲ၊ အရင်းအမြစ်ရှားပါးမှုနှင့် ဒစ်ဂျစ်တယ်ကွာဟမှုတို့သည် အရေးကြီးသော စိန်ခေါ်မှုများ ဖြစ်ပါသည်။ စမတ်အင်ဂျင်နီယာပညာ (Smart Engineering) သည် ထိရောက်မှု မြှင့်တင်ခြင်း၊ စွမ်းအင်သုံးစွဲမှုလျှော့ချခြင်း၊ ဒစ်ဂျစ်တယ်ချိတ်ဆက်မှုတိုးချဲ့ခြင်း၊ လူမှုအကျိုးပြုဖြေရှင်းချက်များ ဖန်တီးခြင်းတို့မှတစ်ဆင့် အဆိုပါ စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အရေးပါသော အခန်းကဏ္ဍမှ ထမ်းဆောင်နိုင်ပါသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့အင်ဂျင်နီယာများနေ့၏ ဆောင်ပုဒ်ဖြစ်သော "Smart Engineering for Sustainable Future through Innovation and Digitalization" သည် ကျွန်ုပ်တို့အား လမ်းကြောင်းမှန်ကို ညွှန်ပြနေပါသည်။ အထက်တွင် ဖော်ပြခဲ့သော စမတ်အင်ဂျင်နီယာပညာ၏ အခြေခံမောင်းနှင်အား (၁၀) ချက်သည် ဤခရီးလမ်းတွင် မီးပြတိုက်များသဖွယ် အရှေ့သို့ အလင်းပြလျက်ရှိပါသည်။

ခေတ်ကာလအလိုက် လိုအပ်ချက်ကို ဖြည့်ဆည်းခြင်းဖြင့် ကျွန်ုပ်တို့ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို နားလည်ရန်ကူညီပေးမည် ဖြစ်ပါသည်။ တိုးတက်ပြုပြင်ခြင်းနှင့် အခြေခံအထိ အသေးစိတ်လေ့လာချုံ့ကြည့်ခြင်းတို့သည် အရင်းအမြစ်များကို ထိရောက်စွာ အသုံးချတတ်စေပါသည်။ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ဉာဏ်ရည်ထက်မြက်စနစ်များ တည်ဆောက်ခြင်းတို့သည် ဒစ်ဂျစ်တယ်စနစ်၏ အစွမ်းကို ဖော်ထုတ်ပေးမည်ဖြစ်သည်။ ကဏ္ဍပေါင်းစည်းတီထွင်ဖန်တီးမှုနှင့် အထောက်အကူပြု ဉာဏ်ရည်မြင့် အင်ဂျင်နီယာတို့သည် ဆန်းသစ်တီထွင်မှု၏ အုတ်မြစ်များပင် ဖြစ်သည်။ တည်တံ့မြဲမြံခြင်းနှင့် သဘာဝအခြေပြုခြင်းတို့သည် ကျွန်ုပ်တို့၏ ကမ္ဘာဂြိုဟ်ကြီးကို ကာကွယ်ရန် လမ်းညွှန်ချက်များပင်ဖြစ်ပြီး အနာဂတ်ကို ဦးတည်ခြင်းဖြင့် ကျွန်ုပ်တို့၏ အိပ်မက်များကို အကောင်အထည်ဖော်ရန် သတ္တိတို့ကို ရှိစေပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ဤအခြေခံမောင်းနှင်အားများကို အသုံးချကာ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုဆီသို့ လျှောက်လှမ်းနိုင်ရန် အင်ဂျင်နီယာပညာရပ်ကို အားပေးမြှင့်တင်ရာတွင် အခြေခံအဆောက်အအုံများ ခိုင်မာစေရေး၊ စွမ်းအင်ထိရောက်စွာအသုံးပြုရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒစ်ဂျစ်တယ်နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးတို့သည် ဦးစားပေးကဏ္ဍများ ဖြစ်ပါသည်။

အင်ဂျင်နီယာပညာသည် အတိတ်ကို တည်ဆောက်နိုင်ခဲ့သကဲ့သို့ အနာဂတ်ကိုလည်း ဆက်လက်တည်ဆောက်သွားမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့အားလုံးပူးပေါင်း၍ **“စမတ်အင်ဂျင်နီယာ”** ၏အစွမ်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော အနာဂတ်ဆီသို့ ခြေလှမ်းများ ရဲရဲတင်းတင်း လျှောက်လှမ်းနိုင်ကြပါစေကြောင်း ဆန္ဒပြုရင်း ၂၀၂၆ ခုနှစ် ကမ္ဘာ့အင်ဂျင်နီယာများနေ့အား ဂုဏ်ပြုဖော်ပြအပ်ပါသည်။ ။

# (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တက္ကသိုလ်များနယ်မြေ (ရေဆင်း) ၌ ကျောင်းသား ကျောင်းသူများ အပန်းဖြေဌာန (Recreation Center) ဖွင့်လှစ်

**နေပြည်တော် မတ် ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တက္ကသိုလ်များနယ်မြေ (ရေဆင်း)၌ ကျောင်းသား ကျောင်းသူများ အပန်းဖြေဌာန (Recreation Center) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပါမောက္ခချုပ်များက တက္ကသိုလ်များနယ်မြေ (ရေဆင်း) ကျောင်းသား ကျောင်းသူများ အပန်းဖြေဌာန (Recreation Center) အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(ယာပုံ)** အဆောက်အအုံ ကမ္ပည်းကြေးပြားကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယနေ့သည် မိမိတို့မြန်မာနိုင်ငံအတွက် အရေးပါသောနေ့တစ်နေ့ဖြစ်သည့် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နိုင်ငံတော်၏ စားရေရိက္ခာ ဖူလုံရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အဆင့်မြင့် ပညာရပ်များကို သင်ကြားပို့ချပေးလျက်ရှိသော တက္ကသိုလ်များတည်ရှိရာ တက္ကသိုလ်များနယ်မြေ (ရေဆင်း) ၌ ကျောင်းသား ကျောင်းသူများ အပန်းဖြေဌာန (Recreation Center) ကို ဖွင့်လှစ်နိုင်ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ စားရေရိက္ခာဖူလုံရေးနှင့်သဘာဝသယံဇာတများကိုထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အဓိကကျသည့် ပညာရှင်လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနေသော ပညာ့ဗိမာန်ကြီးများတွင် ပညာသင်ယူလျက်ရှိကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံတော်ငြိမ်းချမ်းသာယာရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာနှင့် အာဟာရဖူလုံရေး၊ ရေရှည်တည်တံ့ပြီး အရည်အသွေးပြည့်ဝသော သဘာဝပတ်ဝန်းကျင်ဖြစ်ပေါ်ရေးအတွက် အရေးပါသည့် အဖိုးတန်လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသည်နှင့်အညီ စာရိတ္တ၊ မိတ္တ၊ ဘောဂ၊ ဉာဏနှင့် ကာယ စသော ဗလ ငါးတန် အမှန်တကယ် ဖွံ့ဖြိုးကြရမည့်သူများလည်း ဖြစ်ပါကြောင်း။

ပညာသင်ယူစဉ်ကာလတွင်ရရှိခဲ့သည့် တက္ကသိုလ်များအချင်းချင်း ရင်းနှီးကျွမ်းဝင်မှု၊ နားလည်မှုများသည် လုပ်ငန်းခွင်အသီးသီး၌ တာဝန်ထမ်းဆောင်ကြချိန်တွင် ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှု အကျိုးကျေးဇူးများကို ဖြစ်ပေါ်စေမည်ဖြစ်ပါကြောင်း၊ ယနေ့ ဖွင့်လှစ်လိုက်သော ကျောင်းသား ကျောင်းသူများ အပန်းဖြေဌာန (Recreation Center)သည် တက္ကသိုလ်များ၏ ရင်းနှီးပေါင်းဖက်မှုကို ဖြစ်ပေါ်စေရန်၊ ကျောင်းသား ကျောင်းသူများ၏ အားကစားလှုပ်ရှားမှုများ ဆောင်ရွက်နိုင်ပြီး ကိုယ်စိတ်အပန်းဖြေရန်၊ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှုများ တည်ဆောက်နိုင်ကြစေရန် ရည်ရွယ်တည်ဆောက်ပေးခြင်းဖြစ်၍ ထိရောက်အကျိုးရှိစွာ အသုံးပြုသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ရေဆင်းတက္ကသိုလ်များ ချစ်ကြည်ရေး ဘတ်စကက်ဘောပြိုင်ပွဲကို ကြည့်ရှုအားပေးသည်။

တက္ကသိုလ်များနယ်မြေ (ရေဆင်း)ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ အသုံးပြုနိုင်ရန် ယနေ့ဖွင့်လှစ်လိုက်သည့် အပန်းဖြေဌာန (Recreation Center) ကို နိုင်ငံတကာအဆင့်မီ တည်ဆောက်ပေးထားပြီး ဖွဲ့စည်းထားပုံအရ ဘတ်စကက်ဘောနှင့် ဘော်လီဘောပြိုင်ပွဲများအပါအဝင် ခန်းမအတွင်း အားကစားပြိုင်ပွဲများ ကျင်းပနိုင်ကာ ပွဲကြည့်စင်တွင် စုစုပေါင်း ဧည့်ပရိသတ် ၄၃၈ ဦး ကြည့်ရှုအားပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် (၇၇)ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားနှင့် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားတက်ရောက်

**တောင်ကြီး မတ် ၂**

(၇၇)ကြိမ်မြောက် ပအိုဝ်း အမျိုးသားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ ကံကြီးရပ်ကွက် ပအိုဝ်းအမျိုးသားဘက်စုံဖွံ့ဖြိုးရေးကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် ခွန်စံလွင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ပအိုဝ်းအမျိုးသားအလံတို့ကို လွှင့်တင်အလေးပြုကြပြီး အာဇာနည်ခေါင်းဆောင်များကို အလေးပြုကြသည်။

ထို့နောက် ကလောမြို့နယ် ဟဲဟိုးမြို့ အင်းခေါင်းကျေးရွာ ဟဲဟိုးဥယျာဉ်ခြံ၌ ကျင်းပသည့် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ တက်ရောက်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကိုပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် စိုက်ပျိုးရေး အစုအဖွဲ့များကို ဂုဏ်ပြု မှတ်တမ်းလွှာများနှင့် တိုင်းရင်းသားရိုးရာ အကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ရှမ်းပြည်နယ် စိုက်ပျိုးရေး စုံညီပွဲတော်ရှိဌာနဆိုင်ရာ ပြခန်းများ၊ ကုမ္ပဏီပြခန်းများနှင့် ဟဲဟိုးဆည်တို့ကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သီလရှင် ဆရာကြီးများအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် တောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တတေဇဝန္တ ထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးတို့ကို ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း၍ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်များကို ဘွဲ့တံဆိပ် အဆောင်အယောင်များ ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် တောင်ကြီးမြို့ ရှမ်းပိဋကတ်ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တဝါယာမထံမှ အနုမောဒနာ တရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းဆန်စိမ်း လောင်းလှူကြသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲတွင် သံဃာတော် ၂၄ ပါးနှင့် သီလရှင် တစ်ပါးတို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး လူပုဂ္ဂိုလ် လေးဦးတို့ကို ဘွဲ့တံဆိပ်တော် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မောင်မောင်သန်း(တောင်ကြီး)**

❖ *ကျောဖုံးမှ*

ဟင်ကာပီယေ ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့၍ ချယ်ဆီးအသင်းချေပဂိုးရရှိခဲ့သည်။ ဒုတိယပိုင်းတွင် ခြေစွမ်းပိုင်းသာလွန်မှုရှိသည့် အာဆင်နယ်အသင်းက ဒုတိယဂိုးရရှိခဲ့သည်။ အဆိုပါ သွင်းဂိုးကို ရိုက်စ်၏ ဖန်တီးမှုမှ တင်းဘားက သွင်းယူပေးခဲ့သည်။

ပွဲချိန် မိနစ် ၇၀ တွင် ချယ်ဆီးအသင်းတောင်ပံတိုက်စစ်ကစားသမား နီတို နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။

ထို့နောက် နှစ်သင်းစလုံး လူစားပြောင်းလဲမှုများ ပြုလုပ်ကာ သွင်းဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် အာဆင်နယ်က နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် ယခုအနိုင်ပွဲကြောင့် ဒုတိယနေရာမှ အနီးကပ်ဖိအားပေးလျက်ရှိသည့် မန်စီးတီးအသင်းထက် တစ်ပွဲပိုကစားပြီး ငါးမှတ်အသာ ရမှတ် ၆၄ မှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ချယ်ဆီးအသင်းက ယခုပွဲရှုံးနိမ့်မှုကြောင့် ပရီမီယာလိဂ်ရှုံးပွဲ ခုနစ်ပွဲရှိလာပြီဖြစ်သည်။

အခြားပွဲစဉ်ရလဒ်များတွင် ဘရိုက်တန်က နော်တင်ဟမ်ဖောရက်စ်ကို နှစ်ဂိုး-တစ်ဂိုး၊ ဖူလ်ဟမ်က စပါးကို နှစ်ဂိုး-တစ်ဂိုး၊ မန်ယူက တစ်ယောက်လျော့ ခရစ္စတယ်ပဲလေ့စ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲအသီးသီးရရှိခဲ့သည်။

မန်ယူအသင်းသည် ယခုအနိုင်ပွဲကြောင့် ရမှတ် ၅၁ မှတ်ဖြင့် အဆင့် (၃) နေရာသို့ တက်လှမ်းနိုင်ခဲ့သည်။

**အောင်ဇော်**

အား က စား မြှင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၂**

၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်း ချီးမြှင့်အပ်နှင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ အဖွဲ့ဝင် လယ်ဝေးမြို့ မဏိသုခရတနာစာသင်တိုက် ပဓာနနာယကဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တဥက္ကံသ၊ နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ အကျိုးဆောင် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မဟာဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မ မင်္ဂလာဇေယျကျောင်းတိုက် တိုက်အုပ်ဆရာတော် မဟာဂဇောတိကဓဇ ဘဒ္ဒန္တကိတ္တိသာရနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပူဇော်ခံတော်မူကြမည့် ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဇနီး၊ နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် လူပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ လယ်ဝေးမြို့ မဏိသုခရတနာစာသင်တိုက် ပဓာနနာယကဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တဥက္ကံသထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဇမ္ဗူသီရိမြို့နယ် မဟာဝိဇိတာရုံစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကေသရိန္ဒက သမ္မောဒနီယကထာ ချီးမြှင့်တော်မူသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပုဗ္ဗသီရိမြို့နယ် ထူးကြီးစာသင်တိုက် ဘဒ္ဒန္တသီလာနန္ဒနှင့် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဇမ္ဗူသီရိမြို့နယ် မဟာဝိဇိတာရုံစာသင်တိုက် ဘဒ္ဒန္တကေသရိန္ဒထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက မဟာသဒ္ဓမ္မဇောတိကဓဇ မဟာကမ္မဋ္ဌာနာစရိယ၊ ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို လည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ ဇနီးက ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ တပ်ကုန်းမြို့နယ် ဆရာစံရပ်ကွက် မြသိင်္ဂီသီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်သေုသိင်္ဂီနှင့်ဒေါ်စန္ဒာရီထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကိုလည်းကောင်း ဆက်ကပ်ပူဇော်ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရ ဦးသောင်းအေးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။



ထို့နောက် နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ အကျိုးဆောင် ဘဒ္ဒန္တကိတ္တိသာရထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူကြသည်။

ယနေ့ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး နှစ်ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီး ရှစ်ပါး၊ မဟာကမ္မဋ္ဌာနာစရိယဘွဲ့ရ ဆရာတော်ကြီး နှစ်ပါး၊ ဂန္ထဝါစကပဏ္ဍိတဘွဲ့ရ ဆရာတော်ကြီး လေးပါး၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့ရဆရာတော်ကြီး ၁၀ ပါး၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး တစ်ပါး၊ သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်(အမျိုးသား) တစ်ဦးတို့ကို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များနှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# ရန်ကုန်မြို့၌ (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၂**

(၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် အမှတ်(၇)ရပ်ကွက် ဘုရင့်နောင်ပန်းခြံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် တောင်သူလယ်သမားနေ့ သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက (၆၄) နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် မိုးစပါးဧက(၁၀၀) စံပြစိုက်ကွက် စိုက်ပျိုးထုတ်လုပ်မှု မြို့နယ်ဆု၊ လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်မှုဆု၊ မိုးစပါးသီးနှံ စိုက်ပျိုးထုတ်လုပ်မှု တောင်သူထူးချွန်ဆု၊ ဆောင်းသီးနှံ ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်မှု တောင်သူထူးချွန်ဆု၊ မြန်မာနွားသိုးပြိုင်ပွဲဆု၊ နို့စာနွား(မတမ်း)ပြိုင်ပွဲဆု၊ အသားတိုး နွားသိုး ပြိုင်ပွဲဆု၊ လုပ်ကွက်ငယ် တိုင်းရင်းကြက်မွေးမြူသူ စံပြဆု၊ လုပ်ကွက်ငယ် ဘဲမွေးမြူသူ စံပြဆု၊ ပန်းအလှပြင်ဆင်ခြင်းဆု၊ သစ်သီးပုံဖော်ခြင်းဆု၊ သက်ကြီးပုပင် (Bonsai)ပြိုင်ပွဲဆု၊ ဟင်းသီးဟင်းရွက်ပြိုင်ပွဲဆု (ဟင်းသီး၊ ဥစား၊ အရွက်စား)၊ သစ်သီးဝလံများပြိုင်ပွဲဆု ရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မျိုးကောင်းမျိုးသန့် ခိုင်နွားသိုး၊ အသားတိုးနွားသိုး၊ နို့စားနွား (မတမ်း)ပြိုင်ပွဲများကို ကြည့်ရှုအားပေးပြီး တက်ရောက်လာသော တောင်သူများအား Drum Seeder များကို မဲဖောက်ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ မှော်ဘီမြို့နယ် ကန်ကလေးကျေးရွာ၌ ကျင်းပသည့် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ကန်ကလေးဆိုလာစနစ်သုံး ရေတင်လုပ်ငန်းစီမံကိန်း ဖွင့်ပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကာ တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် Sundi Solar ကုမ္ပဏီမှ တာဝန်ရှိသူက ကန်ကလေး ရေတင်လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပေးအပ်ရာ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးတို့က ကန်ကလေးဆိုလာစနစ်သုံး ရေတင်လုပ်ငန်းစီမံကိန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကန်ကလေးဆိုလာစနစ်သုံး ရေတင်လုပ်ငန်း စီမံကိန်းကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**



# နန်ကသူရေလှောင်တမံမှ နွေသီးနှံစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေများ လုံလောက်စွာပေးဝေ

**အင်္ဂပူ မတ် ၂**

အင်္ဂပူမြို့နယ်အတွင်းရှိ နန်ကသူရေလှောင်တမံမှ နွေစပါးနှင့်အခြားသီးနှံ စိုက်ပျိုးနိုင်ရေးအတွက် နန်ကသူဆည်ရေသောက်စနစ်မှ စိုက်ပျိုးရေများ လုံလောက်စွာ ပေးဝေလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် တောင်သူများ နွေစပါးနှင့် အခြားသီးနှံ စိုက်ပျိုးနိုင်ရေးအတွက် နန်ကသူရေလှောင်တမံ ဆည်ရေသောက်စနစ်ရှိ ရေပေးမြောင်းများမှတစ်ဆင့် လယ်ယာမြေများနှင့် စိုက်ခင်းများသို့ ဇန်နဝါရီ ၁ ရက်မှစတင်၍ ရေပေးဝေလျက်ရှိသည်။

အင်္ဂပူမြို့နယ်အတွင်း နွေစပါးဧက ၅၂၀၀ နှင့် အခြားသီးနှံ ၈၃၉၈ ဧက စုစုပေါင်း ၁၃၅၉၈ ဧကကို စိုက်ပျိုးရေ လုံလောက်စွာ ပေးဝေနိုင်သည့်အတွက် တောင်သူများ သီးနှံများအချိန်မီ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတော်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် ကဏ္ဍတစ်ခုမှ အကျိုးပြုနေသည့် နယ်စပ်ကုန်သွယ်ရေး

**နိုင်ငံတော်နှင့် ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခန်းကဏ္ဍတစ်ခုမှ အကျိုးပြုနေသည့် တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်း (မယ်ယန်း)တွင် လုပ်ငန်းဆောင်ရွက်နေမှုများကို ကျွန်တော်သွားရောက်လေ့လာခဲ့ပါသည်။**

ဝေယံလင်း(တာချီလိတ်)



ထိုသို့သွားရောက်လေ့လာစဉ် ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းဇော်က “ကျွန်တော်တို့ဌာနရဲ့ ကုန်သွယ်ရေးလုပ်ငန်းစဉ်တွေကို ပြည်သူတွေ ပိုမိုသိရှိနားလည် လာမယ်ဆိုရင် လုပ်ငန်းတွေ ပိုမိုလွယ်ကူမြန်ဆန်ကောင်းမွန်ရုံသာမက ဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက်လည်း အများကြီး အထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်။ မြို့တစ်မြို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ စီးပွားရေးက အဓိကဖြစ်ပါတယ်။ တာချီလိတ်မြို့ဟာ အခုဆိုအရင်ကနဲ့မတူဘဲ ပိုမိုဖွံ့ဖြိုးတိုးတက်နေတာကို တွေ့နိုင်ပါတယ်။

“တချို့ကထင်မယ်၊ ထွက်ကုန်သီးနှံလည်းမရှိ၊ ထုတ်ကုန်လည်းမရှိဘူး။ နိုင်ငံခြားမှာနေတဲ့ သားသမီးတွေရဲ့ ထောက်ပံ့မှုကြောင့်လားပေါ့။ တကယ်တော့ ကုန်သွယ်ရေးကဏ္ဍက တစ်စိတ်တစ်ပိုင်း ပါဝင်နေတယ်လို့ ဆိုချင်ပါတယ်။ ဥပမာ သီးနှံတွေဆိုရင် ထိုင်း၊ လာအိုနဲ့ ဗီယက်နမ်နိုင်ငံအထိ ပို့ရပါတယ်။ ပြောရမယ်ဆိုရင် ဒီနယ်စပ်ကုန်သွယ်ရေးစခန်းဟာ ကျက်သရေဆောင်နေရာတစ်ခုလို့တောင် တင်စားပြောနိုင်ပါတယ်”ဟု ပြောကြားသည်။

## တာချီလိတ်မြို့သည် ပိုမိုဖွံ့ဖြိုးတိုးတက်လာ

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံအားဖြင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့်ကဏ္ဍများ ကောင်းမွန်ရန် အဓိကကျသလို နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု၊ အလုပ်အကိုင်အခွင့်အလမ်း၊ ကူးသန်းရောင်းဝယ်ရေးစသည့်ကဏ္ဍအသီးသီးတို့ ဘက်ပေါင်းစုံ ပြည့်စုံကောင်းမွန်ရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ တာချီလိတ်မြို့လေးသည် တစ်နှစ်ထက် တစ်နှစ် ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရမည်ဖြစ်ပြီး ရေကြီးရေလျှံသဘာဝဘေးကြုံတွေ့ရမှုကြောင့် တိုးတက်မှုအချို့ လျော့နည်းခဲ့ရသည်လည်း ရှိပါသည်။

တာချီလိတ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်အကျိုးပြုလျက်ရှိသည့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အကျဉ်းမျှတင်ပြလိုပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနသည် နိုင်ငံတော်နှင့် ဝန်ကြီးဌာနတို့၏ မူဝါဒများနှင့်အညီ၊ မျှော်မှန်းချက်၊ ရည်မှန်းချက်များ ချမှတ်ကာ နယ်စပ်ကုန်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် **“ကုန်သွယ်ဖွံ့ဖြိုး ပြည်သူ့အကျိုး”**ဟူသော ဆောင်ပုဒ်အတိုင်း စနစ်တကျ စီမံဆောင်ရွက်လျက်ရှိပါသည်။

ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာတွင် ကုန်သွယ်ရေးဦးစီးဌာန၏ မျှော်မှန်းချက်ဖြစ်သည့် ကုန်သွယ်မှုဖြင့် အမျိုးသားအကျိုးစီးပွားကို တိုးတက်မြင့်မားစေရန်၊ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကုန်သွယ်မှု ပတ်ဝန်းကျင်ကောင်းမွန်စေရေး၊ မှန်ကန်မျှတသော ကုန်သွယ်မှုစနစ်ဖြစ်စေရေး ထိန်းညှိဆောင်ရွက်ရန်၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကို ဖန်တီးပေးနိုင်ရန်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်ပေါ်စေမည့် လုပ်ငန်းစဉ်များကို ဖြေလျှော့၍ ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရန်၊ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ခေတ်မီနည်းပညာများအသုံးပြု၍ ပံ့ပိုးကူညီရန်၊ နိုင်ငံစုံနှင့် ဒေသတွင်းကုန်သွယ်မှုစနစ်များတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်ပြီး နှစ်နိုင်ငံကုန်သွယ်မှုဆက်ဆံရေးများ တိုးမြှင့်တည်ဆောက်ရန်၊ ကုန်သွယ်မှုကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် အစိုးရနှင့်ပုဂ္ဂလိက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရန်ဆိုသည့် ရည်မှန်းချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။

> **“ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်၏စီးပွားရေးအတွက် မောင်းနှင်အားဖြစ်သလို ပြည်သူများ၏ နေ့စဉ်လူမှုဘဝ တိုးတက်မြင့်မားရေးအပေါ် ထိရောက်စေမည်၊ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေတိုးတက်ရရှိခြင်း၊ ပို့ကုန်များမှတစ်ဆင့် နိုင်ငံခြားငွေများ စီးဝင်လာစေပြီး နိုင်ငံတော်၏ အရန်ငွေကြေးများကို ခိုင်မာစေမည်၊ ကုန်သွယ်မှုမှရရှိသော အကောက်ခွန် (Customs Duty) နှင့် ကုန်သွယ်လုပ်ငန်းခွန်များသည် လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ စသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ရန်အတွက် အဓိကဘဏ္ဍာငွေအရင်းအမြစ်များရရှိစေ၊ ထို့ပြင် ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) မြင့်မားတိုးပွားစေခြင်း၊ ကုန်သွယ်မှုပမာဏများပြားလာခြင်းကြောင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကို တိုက်ရိုက်အထောက်အကူပြုစေမည်”**

## နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေတိုးတက်ရရှိ

ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်၏ စီးပွားရေးအတွက် မောင်းနှင်အားဖြစ်သလို ပြည်သူများ၏ နေ့စဉ်လူမှုဘဝ တိုးတက်မြင့်မားရေးအပေါ် ထိရောက်စေမည်လည်းဖြစ်သည်။ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေတိုးတက်ရရှိခြင်း၊ ပို့ကုန်များမှတစ်ဆင့် နိုင်ငံခြားငွေများ စီးဝင်လာစေပြီး နိုင်ငံတော်၏ အရန်ငွေကြေးများကို ခိုင်မာစေမည်လည်း ဖြစ်ပါသည်။ ကုန်သွယ်မှုမှ ရရှိသော အကောက်ခွန် (Customs Duty) နှင့် ကုန်သွယ်လုပ်ငန်းခွန်များသည် လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ စသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ရန်အတွက် အဓိက ဘဏ္ဍာငွေအရင်းအမြစ်များ ရရှိစေမည်ဖြစ်သည်။ ထို့ပြင် ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) မြင့်မားတိုးပွားစေခြင်း၊ ကုန်သွယ်မှုပမာဏများပြားလာခြင်းကြောင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကို တိုက်ရိုက်အထောက်အကူပြုစေမည်လည်းဖြစ်သည်။

အလားတူ အာဆီယံနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာအလယ်တွင် မြန်မာ့စီးပွားရေး အခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်ခြင်းလည်းဖြစ်သည်။ ပို့ကုန်လုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းကြောင့် ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေမည်ဖြစ်သည်။ မရှိမဖြစ်လိုအပ်သည့် စားဆီ၊ စက်သုံးဆီနှင့် ဆေးဝါးများကို မူဝါဒဖြင့် စနစ်တကျ တင်သွင်းခွင့်ပြုခြင်းကြောင့် ကုန်ဈေးနှုန်းများ အဆမတန် မြင့်တက်မှုမဖြစ်စေရေး အထောက်အကူ ဖြစ်စေမည်ဖြစ်သည်။ နိုင်ငံတကာနှင့် ကုန်သွယ်မှုပြုခြင်းဖြင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ စက်မှုနည်းပညာများနှင့် လုပ်ငန်းခွင်ကျွမ်းကျင်မှုများ ပြည်တွင်းသို့ ရရှိမည်ဖြစ်သည်။ နယ်စပ်သွင်းကုန်များ၏ အရည်အသွေးများကို စနစ်တကျ စစ်ဆေးကြပ်မတ်ပေးခြင်းကြောင့် ပြည်သူများအနေဖြင့် ဘေးအန္တရာယ်ကင်းသည့် အစားအသောက်နှင့် အရည်အသွေးမီ လူသုံးကုန်ပစ္စည်းများကို သုံးစွဲနိုင်မည်ဖြစ်သည်။

အဓိကအားဖြင့် ပို့ကုန်များမှ ရငွေများဖြင့် နိုင်ငံခြားငွေလဲနှုန်းတည်ငြိမ်စေရန် အထောက်အကူပြုခြင်း၊ သွင်းကုန်အစားထိုးခြင်းကြောင့် ပြည်တွင်း MSME လုပ်ငန်းများ တိုးတက်အောင်မြင်လာနိုင်ခြင်း၊ Tradenet 2.0 စနစ် ဆောင်ရွက်ပေးမှုမှ လုပ်ငန်းရှင်များအတွက် အချိန်နှင့်ကုန်ကျစရိတ် သက်သာစေခြင်းစသည့် အကျိုးဖြစ်ထွန်းမှုများ ရရှိစေမည်ဖြစ်သည်။ ကုန်သွယ်ရေးမူဝါဒသည် နိုင်ငံတော်အတွက် **“ဝင်ငွေ”**ရှာပေးပြီး၊ ပြည်သူများအတွက် **“အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး”**ကို ဖော်ဆောင်ပေးသည့် ကဏ္ဍတစ်ရပ်ဖြစ်ပေသည်။

နိုင်ငံအတွက် အဓိက ဝင်ငွေရှာပေးနေသော ပို့ကုန်များအနေဖြင့် လယ်ယာထွက်ကုန်များဖြစ်သည့် ဆန်၊ ဆန်ကွဲ၊ ပဲတီစိမ်း၊ မြေပဲ၊ နနွင်းတက်၊ မန်ကျည်းသီး(အစေ့မပါ)၊ ချဉ်ပေါင်ဖာလာ (အခွံပါ)၊ ပြောင်း၊ ဝဥ(အစိုအခြောက်)၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ကော်ဖီစေ့၊ ဆီးသီးခြောက်၊ ဆီးဆန်၊ ကွမ်းသီး၊ ကွမ်းစားဂမုန်း၊ လက်ဖက်ခြောက်၊ လိမ္မော်သီး၊ ထောပတ်သီး၊ ငရုတ်သီး (စိမ်း၊ ခြောက်)၊ ဆေးရွက်ကြီးဖြတ်စ၊ ဆီးဖြူသီးခြောက်၊ ရွှေဖရုံသီး၊ ဖာလာစေ့၊ ရှောက်ကောစေ့နှင့် ရှော်ဘာစေး၊ ဝါး(သေး)၊ သစ်ခေါက်၊ တံမြက်စည်း၊ အထည်ချုပ်လုပ်ငန်း၊ ပလတ်စတစ်ဖြတ်စများ၊ စက္ကူဖြတ်စများ၊ ရေထွက်ပစ္စည်းများဖြစ်သည့် ငါးခြောက်၊ ပုစွန်ခြောက်၊ တိရစ္ဆာန်ထွက်ပစ္စည်း(ဆိတ်အရှင်) သဘာဝသယံဇာတပစ္စည်းများဖြစ်သည့် သဘာဝဓာတ်ငွေ့၊ သတ္တုနှင့် သတ္တုရိုင်းများ စသည့် ကုန်ပစ္စည်းများဖြစ်သည်။

## တင်သွင်းမှုလိုင်စင်များ စနစ်တကျ ခွင့်ပြုပေး

ပြည်သူများအတွက် မရှိမဖြစ်လိုအပ်သော သွင်းကုန်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ၊ စက်ရုံသုံးစက်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လုပ်ငန်းသုံးမော်တော်ယာဉ်များ၊ စက်သုံးဆီ (Diesel/ Petrol)၊ ဓာတ်မြေဩဇာ၊ ပလတ်စတစ်ကုန်ကြမ်းများ၊ အထည်ချုပ်လုပ်ငန်းသုံး အထည်လိပ်များဖြစ်ပေသည်။ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပို့ကုန်သွင်းကုန်များ ဆောင်ရွက်နေရာတွင် နိုင်ငံ၏ စားရေရိက္ခာဖူလုံစေရေး၊ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အရည်အသွေးမမီသည့်ဆေးဝါးများ၊ အစားအသောက်များ ဝင်မလာစေရန် FDA နှင့် ပူးပေါင်းစစ်ဆေးခြင်း၊ စက်သုံးဆီပြတ်လပ်မှုမရှိစေရေး ဈေးနှုန်းမှန်ကန်စေရေး တင်သွင်းမှုလိုင်စင်များအား စနစ်တကျ ခွင့်ပြုပေးခြင်းတို့ ဆောင်ရွက်လျက်ရှိပေသည်။

လက်ရှိတွင် ကုန်သွယ်ရေးဦးစီးဌာနအောက် ဖွင့်လှစ်ထားသည့်

*စာမျက်နှာ ၁၃ သို့*

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက် ( ၂ /၂၀၂၆ )

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်နေ့ အခါသမယနှင့် ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင်ကျရောက်သည့် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကို နားလည်စေရန် ရှေးရှုသောအားဖြင့်လည်းကောင်း၊ အကျဉ်းထောင်/အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား/သူများကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၊ အမိန့်အမှတ် (၅/၂၀၂၆) ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသည့် ပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ခြင်း၊ အမိန့်အမှတ် (၆/၂၀၂၆) ဖြင့် အကျဉ်းသား/သူ ၂၈၂၅ ဦးကို ယင်းတို့ ကျခံရန်ကျန်ရှိသည့် ပြစ်ဒဏ်များအပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ အမိန့်အမှတ် (၇/၂၀၂၆) ဖြင့် နိုင်ငံခြားသား အကျဉ်းသား/သူ ၁၀ ဦးကို ယင်းတို့ကျခံရန်ကျန်ရှိသည့် ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ကာ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်း၊ အမိန့်အမှတ် (၈/၂၀၂၆) ဖြင့် အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ည) နှင့် ပုဒ်မ ၅၂(က) အရ ပြစ်မှုကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား/သူ ၇၃၃၇ ဦးကို ယင်းတို့ကျခံရန်ကျန်ရှိသည့် ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ အမိန့်အမှတ် (၉/၂၀၂၆) ဖြင့် အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂(က) ဖြင့် လည်းကောင်း၊ ယင်းပြစ်မှုများဖြင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၂ ဖြင့်လည်းကောင်း တရားစွဲဆိုခံထားရသူ ၁၂၄၈၇ ဦး၏ တရားရုံးကြားနာစစ်ဆေးဆဲ အမှုပေါင်း ၉၅၃၂ မှုကို ပိတ်သိမ်း၍ တရားခံများအား အမှုမှလွတ်ပေးခြင်းစသည့် အမိန့်များ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ဤကဲ့သို့ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့် တရားရုံးကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်း၍ လွတ်ငြိမ်းခွင့်အမိန့်ထုတ်ပြန်ခြင်းများသည် ပြည်တွင်းစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။

၃။ နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်းသည် ကမ္ဘာ့နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေးကို မြှင့်တင်ရာရောက်စေပြီး နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေမည့် လုပ်ဆောင်ချက်များပင်ဖြစ်ပါသည်။

၄။ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ရသူများသည် မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းခွင့်ရရှိပြီး ယင်းတို့၏ လူမှုစီးပွားရေးနယ်ပယ်တွင် ပါဝင်ဆောင်ရွက်လာနိုင်သည့် အခွင့်အရေးရရှိကြသည့်အတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် သက်ဆိုင်ရာ မိသားစုဝင်များနှင့် ထပ်တူဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်

---

*စာမျက်နှာ ၁၂ မှ*

အဓိက နယ်စပ်ကုန်သွယ်ရေးစခန်း (Border Trade Posts) များမှာ မြန်မာ- တရုတ်နယ်စပ် မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နှင့် လွယ်ဂျယ်၊ ချင်းရွှေဟော်၊ ကံပိုင်တည်၊ ကျိုင်းတုံ၊ မြန်မာ-ထိုင်းနယ်စပ် မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ ထီးခီး၊ မြိတ်၊ မော်တောင်၊ မြန်မာ- အိန္ဒိယနယ်စပ်၊ တမူး၊ ရိဒ်၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် စစ်တွေ၊ မောင်တော၊ မြန်မာ-လာအိုနယ်စပ် ကျိုင်းလပ်၊ ဝမ်ပုံဆိပ်ကမ်းတို့ ဖြစ်သည်။ ယခုအခါ နယ်စပ်ကုန်သွယ်ရေးလိုင်စင်များကို Tradenet 2.0 စနစ်ဖြင့် Online မှ လျှောက်ထားနိုင်မည်ဖြစ်သည်။ တရုတ်-မြန်မာနယ်စပ်တွင် ယွမ်/ကျပ် တိုက်ရိုက်ပေးချေမှုနှင့် ထိုင်း-မြန်မာနယ်စပ်တွင် ဘတ်/ကျပ် တိုက်ရိုက်ပေးချေမှုစနစ်များကို ခွင့်ပြုပေးထားသဖြင့် လုပ်ငန်းရှင်များ များစွာအဆင်ပြေအကျိုးရှိနေသည်ကို တွေ့ရသည်။

ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ တာချီလိတ်နယ်စပ်ဂိတ်သည် မြန်မာ-ထိုင်း ကုန်သွယ်ရေးအတွက် သာမက ဒေသတွင်းခရီးသွားလာရေးအတွက်ပါ အလွန်အရေးပါသည့် ဗျူဟာမြောက်ဂိတ်တစ်ခု ဖြစ်သည်။ မြန်မာနိုင်ငံ၊ တာချီလိတ်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့တို့ကို ချစ်ကြည်ရေးတံတားအမှတ်(၂)မှတစ်ဆင့် ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာသကဲ့သို့ တာချီလိတ်ဝမ်ပုံဆိပ်ကမ်းမှ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံတို့နှင့်လည်း ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်သည်။ ကုန်သည်များအနေဖြင့် ဗဟိုဘဏ်၏ သတ်မှတ်ချက်နှင့်အညီ ဘဏ်များမှတစ်ဆင့် ဘတ်နှင့်ကျပ်ကို တိုက်ရိုက်လဲလှယ်အသုံးပြုနိုင်သဖြင့် လွယ်ကူလျင်မြန် အဆင်ပြေလျက်ရှိသည်။

**အလုပ်အကိုင်များ ပိုမိုဖန်တီးပေးသည်ကိုလည်း တွေ့နိုင်**

တာချီလိတ်ကုန်သွယ်ရေးစခန်းတွင် Online Licensing ကို Tradenet 2.0 စနစ်ဖြင့် သွင်းကုန်/ပို့ကုန်လိုင်စင်များ လျှောက်ထားနိုင်ခြင်း။ ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် လာအိုနိုင်ငံ၊ တရုတ်နိုင်ငံတောင်ပိုင်းသို့ ဆက်သွယ်နိုင်ခြင်း၊ အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်များ လွယ်ကူစွာရရှိခြင်း၊ တောင်သူလယ်သမားများအတွက် ဈေးကွက်ဝင်၍ ဝင်ငွေတိုးစေခြင်း၊ ရော်ဘာနှင့် အခြားစိုက်ပျိုးရေးထွက်ကုန်များအား နယ်စပ်မှတစ်ဆင့် အချိန်တိုအတွင်း ရောင်းချနိုင်သဖြင့် အလေအလွင့်ဆုံးရှုံးမှုနည်းစေခြင်း၊ ငွေကြေးလဲလှယ်မှုလွယ်ကူခြင်း စသည့် ပြည်သူများအတွက် အထိရောက်ဆုံး လက်တွေ့အကျိုးကျေးဇူးများပင်ဖြစ်သည်။ ထို့ပြင် ကုန်သွယ်မှုစည်ကားသည့်အတွက် တာချီလိတ်မြို့ပေါ်ရှိ စားသောက်ဆိုင်၊ ဟိုတယ်နှင့်ဈေးဆိုင်များ အရောင်းအဝယ်ကောင်းမွန်ပြီး အလုပ်အကိုင်များ ပိုမိုဖန်တီးပေးသည်ကိုလည်း တွေ့နိုင်မည်ဖြစ်သည်။

အထူးသဖြင့် ကုန်သည်များအတွက် လွန်စွာအကျိုးဖြစ်ထွန်းသည့် ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်အား တာချီလိတ်ကုန်သွယ်ရေးစခန်းတွင် လျှောက်ထားဆောင်ရွက်နိုင်သဖြင့် လုပ်ငန်းများ လွယ်ကူလျင်မြန်၍ အဆင်ပြေလျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ကုန်သွယ်ရေးလုပ်ငန်းဆောင်ရွက်ရာ၌ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Certificate of Origin )(CO) ရှိခြင်းဖြင့် ကုန်သွယ်မှုအာမခံနိုင်မည်ဖြစ်သည်။ ကုန်စည်တစ်ခုအား မည်သည့်နိုင်ငံတွင် ထုတ်လုပ်ထားသည်ကို တရားဝင်အာမခံပေးသည့် စာရွက်စာတမ်းဖြစ်သည်။ တာချီလိတ်ကဲ့သို့ နယ်စပ်ဂိတ်များတွင် ပြုလုပ်ဆောင်ရွက်ထားလျှင် လက်တွေ့အကျိုးကျေးဇူးများဖြစ်သော "အကောက်ခွန်သက်သာခွင့် သို့မဟုတ် ကင်းလွတ်ခွင့် ရရှိနိုင်မည့် အကြီးမားဆုံး အကျိုးကျေးဇူးဖြစ်သည်"။ မြန်မာနိုင်ငံသည် အာဆီယံ (ASEAN) အဖွဲ့ဝင်ဖြစ်သည့်အတွက် တာချီလိတ်မှ ထိုင်းနိုင်ငံသို့ ကုန်ပစ္စည်းပို့လျှင် (Form-D) ဟုခေါ်သည့် (CO) လက်မှတ်ပါရှိသွားပါက ထိုင်းနိုင်ငံဘက်၌ ပေးရမည့် သွင်းကုန်ခွန် (Import Duty) ကို လျှော့ပေါ့ခွင့် (သို့မဟုတ်) ၀ % အထိ ကင်းလွတ်ခွင့် ရရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် မိမိ၏ကုန်ပစ္စည်းသည် အခြားနိုင်ငံမှ ကုန်ပစ္စည်းများထက် ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်း ပိုမိုရရှိမည်ဖြစ်ပြီး၊ ကုန်ပစ္စည်း၏ အရည်အသွေးနှင့် ယုံကြည်မှု (Credibility)အား ဝယ်ယူသူ (Buyer) ဘက်မှ မြန်မာနိုင်ငံ၏ တရားဝင်ထုတ်လုပ်သည့် ကုန်ပစ္စည်းဖြစ်ကြောင်း ယုံကြည်စိတ်ချမှု ပိုမိုရရှိစေမည်ဖြစ်သည်။ အထူးသဖြင့် လယ်ယာထွက်ကုန်များတွင် ပင်ရင်းနိုင်ငံကို အတိအကျသိမှသာ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်ကိုက်ညီမှုရှိပြီး သတ်မှတ်တန်ဖိုး ရရှိနိုင်မည်ဖြစ်သည်။ CO လက်မှတ်ရှိခြင်းဖြင့် မိမိကုန်စည်မှာ ပိတ်ပင်ထားသည့် နိုင်ငံမှ လာသည့်ပစ္စည်းမဟုတ်ဘဲ မြန်မာနိုင်ငံက လာသည် ဖြစ်ကြောင်း သက်သေပြနိုင်သည့်အတွက် အဝင်အထွက် ချောမွေ့စေခြင်းကိုလည်း ခံစားနိုင်မည်ဖြစ်သည်။ ဘဏ်အသီးသီးမှ CO လက်မှတ်ကို အဓိကအထောက်အထားစာရွက်စာတမ်း တစ်ခုအဖြစ် တောင်းဆိုလေ့ရှိပြီး၊ အဆိုပါလက်မှတ်ရှိပါက ငွေထုတ်ယူခြင်း၊ သို့မဟုတ် ငွေလွှဲခြင်းများ ပို၍ တရားဝင်တိကျစေပါသည်။ လက်ရှိတွင် တာချီလိတ်ကုန်သွယ်ရေးစခန်း၌ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်(Form-D)များကို ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် လာအိုနိုင်ငံများသို့ ပို့ကုန်ဆောင်ရွက်နေသည့်လုပ်ငန်းရှင်အား ထုတ်ပေးလျက်ရှိသည်။ သို့ဖြစ်ရာ တာချီလိတ်ကုန်သွယ်ရေးစခန်းတွင် ယခုအခါ CO လက်မှတ်များကို Online (Tradenet 2.0)မှတစ်ဆင့် လျှောက်ထားနိုင်ရေး မြန်ဆန်လွယ်ကူစွာ ဝန်ဆောင်မှုအကောင်းဆုံးဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



သွင်းကုန်ပစ္စည်းများအား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့က စစ်ဆေးနေစဉ်။

**လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး များစွာအကျိုးပြု**

အလျဉ်းသင့်၍ တင်ပြလိုသည်မှာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur နှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁ ရက်က တာချီလိတ်မြို့နယ်အတွင်း မြန်မာ-ထိုင်း- လာအိုနယ်စပ် ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေများအား လာရောက်လေ့လာခဲ့သည်ကိုလည်း တွေ့ရသည်။ သံအမတ်ကြီးနှင့်အဖွဲ့သည် တာလော့ဈေး၊ ရွှေနန်းတော်ကုန်တိုက်တို့တွင် ရောင်းဝယ်ဖောက်ကားနေမှုများ၊ မြန်မာ-ထိုင်းနှစ်နိုင်ငံ ချစ်ကြည်ရေးတံတားအမှတ်(၁)တွင် ကူးသန်းသွားလာနေမှုများ၊ ချစ်ကြည်ရေးတံတားအမှတ်(၂)တွင် နှစ်နိုင်ငံ ကုန်စည်စီးဆင်းသွားလာနေမှုများ၊ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်း (မယ်ယန်း) တွင် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ကုန်သွယ်ရေးဆိုင်ရာများ ဆွေးနွေးခဲ့ခြင်း၊ ထိုမှတစ်ဆင့် မဲခေါင်မြစ်ကမ်း အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(ဝမ်ပုံ)တွင် ကုန်စည်စီးဆင်းနေမှုအခြေအနေများ သွားရောက်လေ့လာခဲ့သည်ကိုလည်းသိခဲ့ရသည်။ ထိုသို့ သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများ လာရောက်လေ့လာဆွေးနွေးညှိနှိုင်းခြင်းတို့သည်လည်း ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေပြီး၊ ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး များစွာအကျိုးပြုမည့်အပြင် ရေရှည်တည်တံ့ ဖြစ်ထွန်းနေမည်လည်း ဖြစ်ပေသည်။

ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ရှေးရှုလျက် ချမှတ်ထားသည့်မူဝါဒများ၊ လုပ်ငန်းမျှော်မှန်းချက်များ၊ ရည်မှန်းချက်များနှင့်အညီ ဝန်ထမ်းများကလည်း နိုင်ငံတော်၏ မှန်ကန်သော ဦးဆောင်မှုအောက်တွင် မိမိကိုယ်ကို ကောင်းအောင်ကြိုးစားသော၊ မိမိဌာနကို ကောင်းအောင်ကြိုးစားသော၊ မိမိ တိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားသော၊ စိတ်ဓာတ်၊ စည်းကမ်း၊ အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းကောင်းဖြစ်အောင် ကြိုးစားဆောင်ရွက်မည်ဟူသော ခံယူချက်တို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပို့ကုန်သွင်းကုန်လုပ်ငန်းမှ နိုင်ငံတော်ဝင်ငွေအဖြစ် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် လျာထားမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၈ သန်းဖြစ်ပြီး၊ အမှန်ရရှိမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၄၂ သန်းကျော်ကို လည်းကောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဇန်နဝါရီလအထိ လျာထားမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၉၇ သန်းဖြစ်ပြီး၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဇန်နဝါရီလအထိ အမှန်ဝင်ငွေရရှိမှု တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၆ သန်းကျော်ကိုလည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်ထားနိုင်ကြောင်းလည်း သိရသည်။

သို့ပါ၍ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်း (မယ်ယန်း)၊ တာချီလိတ်-ဝမ်ပုံ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း၊ တာချီလတ် - ကျိုင်းလပ် ကုန်သွယ်ရေးစခန်းတို့တွင် နယ်စပ်ကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး **"ကုန်သွယ်ဖွံ့ဖြိုးပြည်သူ့အကျိုး"** ဟူသော ဆောင်ပုဒ်အတိုင်း စနစ်တကျ စီမံကြီးကြပ်အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည်ဖြစ်ရာ **နိုင်ငံတော်နှင့် ဒေသဖွံ့ဖြိုးရေး အထောက်အကူဖြစ် အကျိုးပြုနေသည့် နယ်စပ်ကုန်သွယ်ရေး** သည်လည်း အဓိက အခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်နေသည်မှာ မလွဲကေန်ပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ရေနံတင်ပို့သောနိုင်ငံများအဖွဲ့ အိုပက်ပလပ်စ်က လာမည့်ဧပြီလတွင် ရေနံစိမ်းများ တိုးမြှင့်ထုတ်လုပ်မည်

**ဗီယင်နာ မတ် ၂**

ရေနံတင်ပို့သော နိုင်ငံများအဖွဲ့ (အိုပက်) နှင့် ၎င်း၏ မဟာမိတ်အိုပက်ပလပ်စ်အဖွဲ့တို့သည် ရေနံစိမ်းထုတ်လုပ်မှုကို လာမည့် ဧပြီလတွင် တိုးမြှင့်သွားမည်ဟု အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဆော်ဒီအာရေဗျနှင့် ရုရှားနိုင်ငံတို့အပါအဝင် အဓိက ရေနံထုတ်လုပ်သူများအဖွဲ့သည် မတ် ၁ ရက်က အွန်လိုင်းမှတစ်ဆင့် အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ရာ လာမည့်ဧပြီလတွင် တစ်ရက်လျှင် ရေနံစည်ပေါင်း ၂၀၆၀၀၀ အထိ တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ယင်းမှာ ဒီဇင်ဘာလက နောက်ဆုံးတိုးမြှင့်ထုတ်လုပ်မှုထက် ရေနံစည် ၇၀၀၀၀ နီးပါး ပိုမိုများပြားလာမည်ဖြစ်သည်။

အီရန်နိုင်ငံ၏ တာစနင်မ်သတင်းဌာနက ဟော်မုဇ်ရေလက်ကြားကို ဖေဖော်ဝါရီ ၂၈ ရက် ညပိုင်းတွင် ပိတ်ပင်လိုက်ပြီဖြစ်ကြောင်း၊ ယင်းရေလက်ကြားမှာ ပင်လယ်ကွေ့နိုင်ငံများမှ ရေနံစိမ်းသယ်ယူပို့ဆောင်ရာတွင် အဓိကအားထားရသည့် ရေလမ်းကြောင်းတစ်ခုဖြစ်ကြောင်း၊ ထိုကဲ့သို့ ပိတ်ပင်မှုကြာမြင့်ပါက ရေနံစိမ်းဈေးနှုန်းများ ဆက်လက်မြင့်တက်ဖွယ်ရှိကြောင်း ကုန်သည်များက ပြောကြားထားသည်။

ထို့ပြင် ကမ္ဘာတစ်ဝန်း ပဋိပက္ခဖြစ်ပွားမှုများကြောင့် ကုန်စည်များ ပုံမှန်အတိုင်းပြတ်တောက်မှုမရှိ စီးဆင်းနိုင်မည်လားဆိုသည့်အပေါ်လည်း စိုးရိမ်ပူပန်မှုမြင့်တက်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**






# အာဖဂန်နစ္စတန်၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ မိသားစု ၁ ဒသမ ၇ သန်းကျော် အရေးပေါ် အကူအညီလိုအပ်

**ကဘူးလ် မတ် ၂**

အာဖဂန်နစ္စတန်နိုင်ငံ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ မိသားစုပေါင်း ၁ ဒသမ ၇ သန်းကျော်မှာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီများ အရေးပေါ်လိုအပ်လျက်ရှိကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က မတ် ၂ ရက်တွင် ပြောကြားထားသည်။

နေရပ်ပြန်များ၊ အထူးသဖြင့် လူမှုစီးပွားဘဝ ပြန်လည်ထူထောင်ရန် အခက်အခဲများနှင့် ကြုံတွေ့နေရသူများသည် စိုက်ပျိုးရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နိုင်မှု သိသိသာသာလျော့နည်းလာကြောင်း ဒေသမီဒီယာ တိုလိုသတင်းဌာနတွင် အလေးပေးဖော်ပြထားသည်။ FAO က အဆိုပါ မိသားစုများကို ကူညီပေးရန်နှင့် နိုင်ငံတစ်ဝန်းစားနပ်ရိက္ခာဖူလုံမှုကို မြှင့်တင်ရန် အမြန်ဆုံးထောက်ပံ့ပေးနိုင်ရေး တောင်းဆိုထားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် အရင်းအမြစ်များ အကန့်အသတ်ဖြင့် ရှိခြင်း၊ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရခြင်း၊ စီးပွားရေးမတည်ငြိမ်မှုများအပါအဝင် ကြီးမားသောစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ **ဆင်ဟွာ**

# မတ် ၅ ရက်တွင် ကျင်းပမည့် လွှတ်တော်ရွေးကောက်ပွဲ၌ တက်ကြွစွာပါဝင်ကြရန် နီပေါယာယီဝန်ကြီးချုပ် တိုက်တွန်း

**ခတ္တမန္ဒူ မတ် ၂**

ဆန္ဒမဲပေးခြင်းမှာ ပြည်သူများ၏ အနာဂတ်ကို ပုံဖော်ထုဆစ်ရန် အခွင့်အရေးဖြစ်သည်ဟုဆိုကာ မတ် ၅ ရက်တွင် ကျင်းပရန် သတ်မှတ်ထားသော လွှတ်တော်ရွေးကောက်ပွဲကို တက်ကြွစွာပါဝင်ကြရန် နီပေါနိုင်ငံ ယာယီဝန်ကြီးချုပ် ဆူရှီလာကာကီက မတ် ၂ ရက်တွင် ပြည်သူလူထုအား တိုက်တွန်းထားသည်။

**ပြည်သူလူထု၏ပူးပေါင်းပါဝင်မှု အလွန်အရေးပါ**

ရွေးကောက်ပွဲမတိုင်မီ နိုင်ငံတော်သို့ မိန့်ခွန်းပြောကြားရာ၌ ပြည်သူလူထုပူးပေါင်းပါဝင်မှုသည် နီပေါနိုင်ငံအား နိုင်ငံရေးတည်ငြိမ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆီသို့ ပို့ဆောင်ရာတွင် အလွန်အရေးပါကြောင်း ကာကီက ပြောကြားသည်။

**အောက်လွှတ်တော်ကိုယ်စားလှယ် ရွေးချယ်တင်မြှောက်**

ပြီးခဲ့သည့် စက်တင်ဘာလအတွင်း နီပေါနိုင်ငံ၌ မငြိမ်သက်မှုများ ဖြစ်ပွားပြီးနောက် အောက်လွှတ်တော်ကို ဖျက်သိမ်းခဲ့သည်။ ယင်းနောက် ရွေးကောက်ပွဲအသစ်များကို ပြန်လည်ကျင်းပပြုလုပ်နေခြင်းဖြစ်သည်။ လူမှုကွန်ရက်တွင် သတင်းတု၊ သတင်းမှားများ ပျံ့နှံ့လာနိုင်ခြေအပေါ် သတိထားကြရန် ကာကီက သတိပေးပြောကြားထားသည်။ အဆိုပါ ရွေးကောက်ပွဲသည် အောက်လွှတ်တော်ကိုယ်စားလှယ် ၂၇၅ ဦးအား ရွေးချယ်တင်မြှောက်သွားမည်ဖြစ်သည်။ **ဆင်ဟွာ**

# ဗီယက်နမ်၏ စီးပွားရေးဗဟိုချက် ဟိုချီမင်းစီးတီးက အက်ဖ်ဒီအိုင်မှ ကန်ဒေါ်လာ ၁၁ ဘီလီယံရရှိရန် မျှော်မှန်း

**ဟန္နိုင်း မတ် ၂**

ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးအချက်အချာကျသော တောင်ပိုင်းဟိုချီမင်းစီးတီးသည် ယခုနှစ်တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(အက်ဖ်ဒီအိုင်)မှ အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံရရှိရေး ရည်မှန်းချက်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ဗီယက်နမ်သတင်းဌာနက မတ် ၂ ရက်တွင် ဖော်ပြထားသည်။

**သိသိသာသာပိုမိုများပြား**

အဆိုပါ ရည်မှန်းချက်မှာ ၂၀၂၅ ခုနှစ်က နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှ ရရှိသည့် အမေရိကန်ဒေါ်လာ ၈ ဒသမ ၃၇ ဘီလီယံထက် သိသိသာသာပိုမိုများပြားလာသည်။ ယခုနှစ် ပထမနှစ်လအတွင်း ဟိုချီမင်းစီးတီးသည် အသစ်ခွင့်ပြုလိုက်သည့် စီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုပမာဏတိုးမြှင့်ခြင်းများအပါအဝင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှ အမေရိကန်ဒေါ်လာ ၉၇၉ ဒသမ ၆ သန်း နီးပါးရရှိခဲ့ကြောင်း သိရသည်။

**၂၈ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်**

ယင်းမှာ ယမန်နှစ်ကထက် ၂၈ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

**ဆင်ဟွာ**

# ယူဂန္ဒာနိုင်ငံအလယ်ပိုင်း၌ ယာဉ်မတော်တဆမှုဖြစ်ပွား ခြောက်ဦးသေဆုံး၊ ခုနစ်ဦး အပြင်းအထန်ဒဏ်ရာရ

**ကမ်ပါလာ မတ် ၂**

ယူဂန္ဒာနိုင်ငံအလယ်ပိုင်း ကျန်ခ်ဝမ်ဇီခရိုင်၌ မတ် ၁ ရက် အစောပိုင်းက ယာဉ်မတော်တဆမှုဖြစ်ပွားသဖြင့် ခြောက်ဦး သေဆုံးကာ ခုနစ်ဦး အပြင်းအထန်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒေသစံတော်ချိန် နံနက် ၄ နာရီခန့်က ကီဘိုဂါ-ဟိုမာ အဝေးပြေးလမ်းမတစ်လျှောက် ခါယာခါဘူဂါကျေးရွာ၌ ခရီးသည်တင်ဘတ်စ်ကားတစ်စီးသည် ကမ်ပါလာမှ ဟိုမာသို့သွားစဉ် မျက်နှာချင်းဆိုင်မှလာသည့် ထရပ်ကားတစ်စီးနှင့် တိုက်မိခဲ့ကြောင်း သိရသည်။

အဆိုပါထရပ်ကားမှာ မီးသွေးများ သယ်ဆောင်လာကြောင်း ဝါမာလာဒေသတွင်း ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ လမ်မစ်ခ်ကီဂိုဇီက ပြောကြားသည်။

အဆိုပါ ယာဉ်မတော်တဆမှုကြောင့် ယာဉ်နှစ်စီး မီးလောင်သွားခဲ့ကြောင်း၊ ဘတ်စ်ကားပေါ်မှ နှစ်ဦးနှင့် ထရပ်ကားပေါ်မှ လေးဦးမှာ အခင်းဖြစ်ပွားရာ နေရာ၌ သေဆုံးခဲ့ကြောင်း သိရသည်။ ယာဉ်မတော်တဆမှု ဖြစ်ပွားရသည့်အကြောင်းရင်းကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**



# ထားဝယ်မြို့၌ (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနား၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပ

**ထားဝယ် မတ် ၂**

(၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ (ယာပုံ)

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ဖတ်ကြားသည်။



ထို့နောက် မိုးစပါးပန်းတိုင်အထွက်နှုန်းအများဆုံးရရှိသည့် ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ပိန်းတောကျေးရွာမှ အကျိုးဆောင်တောင်သူ ဦးဖစုကြီး၊ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (GAP) အသိအမှတ်ပြုလက်မှတ်အများဆုံးရရှိသည့် မြိတ်ခရိုင် ပုလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသော်ဇင်ထွန်း၊ (ဆောင်းသီးနှံ) မတ်ပဲတိုးချဲ့စိုက်ပျိုးမှု ဧကအများဆုံးဖြစ်သည့် လောင်းလုံးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းထက်ပိုင်တို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ဌာနအလိုက်လုပ်ငန်းဆောင်ရွက်မှု၊ တိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသောဒေသထွက်ကုန်များ၊ ဒေသမှထွက်ရှိသော MSME ပြခန်းများ၊ သစ်သီးဝလံများ၊ ဒေသထွက်သစ်သားများ၊ တန်ဖိုးမြှင့်ရေရှည်စားသောက်ကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးမွေးမြူရေး၊ မျိုးစေ့၊ သွင်အားစုနှင့် ဒေသထွက်ကုန်များ၊ တိုင်းဒေသကြီးတွင် စိုက်ပျိုးဖြစ်ထွန်းသည့် စပါးမျိုးများ၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး တောင်သူလယ်သမားများအတွက် တန်ဖိုးသင့်ကောက်စိုက်စက်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ထားဝယ်မြို့ သာသနဗိမာန်တော်ကြီး၌ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၁၃၈၇ ခုနှစ် တပေါင်းလပြည့်နေ့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲသို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (အဖွဲ့ဝင်) ထားဝယ်မြို့ ရှင်မုတ္တီးတိုက်ကျောင်းပဓာနနာယက (မဟာသဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တဣန္ဒဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် သီရိပျံချီ ဦးမြတ်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားကာ တာဝန်ရှိသူများနှင့်အတူ ၂၀၂၆ ခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကတစ်ပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇနှစ်ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယတစ်ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတတစ်ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ သုံးပါး၊ သဒ္ဓမ္မဇောတိကဓဇ လေးပါး၊ သုဓမ္မသိင်္ဂီတစ်ဦး စုစုပေါင်းဆရာတော်ကြီး ၁၂ ပါးနှင့် လူပုဂ္ဂိုလ်တစ်ဦးတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းပြီး သံဃာတော်များနှင့် သီလရှင်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းဒေသကြီးသံဃနာယကအဖွဲ့ (ကူးတို့)ဂိုဏ်းဥက္ကဋ္ဌ ထားဝယ်မြို့ ဇေယျဝတီ စာသင်တိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသထံမှ အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် သံဃာတော်အရှင်သူမြတ်များနှင့် သီလရှင်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ဌာနဆိုင်ရာများ၊ စေတနာရှင်အလှူရှင်များက ဆွမ်းဆန်တော်များ လောင်းလှူခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# လှိုင်ကော်မြို့၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားနှင့် (၇၇) ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကျင်းပ

**လှိုင်ကော် မတ် ၂**

ကယားပြည်နယ် အစိုးရအဖွဲ့က ဦးဆောင်၍ ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် လှိုင်ကော်မြို့ သာသနဗိမာန်တော်၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ပြည်နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် လှိုင်ကော်မြို့ ရွှေကျောင်းဆရာတော် ဘဒ္ဒန္တသီဟနန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ လှိုင်ကော်မြို့ နွားလပိုး သာသနာပြုကျောင်းဆရာတော် ဘဒ္ဒန္တပညာဇောတက သမ္ဗောဓနီယသြဝါဒကထာ မြွက်ကြားချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး တာဝန်ရှိသူများနှင့်အတူ မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဘွဲ့ခံဆရာတော် ငါးပါးတို့အား ဘွဲ့တံဆိပ်တော်၊ အဆောင်အယောင်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်းကောင်း၊ ပင့်သံဃာတော်ဆရာတော် ၁၃ ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းကာ လူပုဂ္ဂိုလ်တစ်ဦးအား သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော် အပ်နှင်းသည်။



ယင်းနောက် ပြည်နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် လှိုင်ကော်မြို့ ရွှေကျောင်းဆရာတော် ဘဒ္ဒန္တသီဟနန္ဒထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ လှိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည့် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၆၄) နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ်ကဖတ်ကြားပြီး မိုးစပါးသီးနှံ၊ နွေစပါးသီးနှံ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုနှင့် ဝက်မွေးမြူရေးထုတ်လုပ်မှု ထူးချွန်ဆုရ စိုက်ပျိုးရေးနှင့် မွေးမြူရေး တောင်သူများအား ဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဒေသကွပ်ကဲရေးမှူးနှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က စိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆုရ တောင်သူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် လှိုင်ကော်မြို့ ရွှေတောင်ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် (၇၇)ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌက ပအိုဝ်းအမျိုးသားနေ့ အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသကွပ်ကဲရေးမှူးတို့က ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားအတွက် ချီးမြှင့်ငွေများပေးအပ်ရာ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌက လက်ခံရယူပြီး ကျေးဇူးတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူးနှင့် တိုင်းရင်းသားရေးရာဝန်ကြီးတို့က ပအိုဝ်းစာပေယဉ်ကျေးမှု ဘာသာရပ်ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများ၊ သင်ကြားရေးဆရာ ဆရာမများနှင့် သင်တန်းသား ၃၀၀ ကို ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဆုငွေနှင့် အောင်လက်မှတ်များပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

ပြည့်ဝဆီများကို
တတ်နိုင်သမျှလျှော့စား၍
အသွင်ပြောင်းဆီများ
စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ပါ

# ပေါင်းတည်မြို့နယ်၌ အထူးကု ဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသပေး

**ပေါင်းတည် မတ် ၂**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ပြည်သူ့ဆေးရုံသို့ ဖေဖော်ဝါရီ ၂၈ ရက်က ပြည်ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ ဆေးရုံအုပ်နှင့် တာဝန်ရှိသူများ၊ အထူးကုဆရာဝန်ကြီးများကွင်းဆင်းဆေးကုသမှုများဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာ၌ အထွေထွေသမားတော်များနှင့် အထူးကုဆရာဝန်များက ဒေသခံလူနာများအား စမ်းသပ်စစ်ဆေး ကုသပေးခဲ့ရာ လူနာ စုစုပေါင်း ၃၇၂ ဦးအား စမ်းသပ်စစ်ဆေးကုသမှုများဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဆေးကုသပေးနေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခိုင်မာလွင်တို့က လာရောက်ကြည့်ရှု အားပေးခဲ့ကြရာ မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာသန်းသန်းချစ်က လိုက်လံရှင်းလင်းပြသပေးခဲ့ကြောင်း သိရသည်။

**ရွှေသား(IPRD)**



# တပေါင်းလပြည့်နေ့၌ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီများ၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကား

**ရန်ကုန် မတ် ၂**

ယနေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် တပေါင်းလပြည့်နေ ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တပေါင်းလပြည့်နေ့ ဆွမ်းတော်ကြီးတင်လှူဆက်ကပ်လှူဒါန်းပွဲနှင့် (၂၆၁၄) နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်အောင်ပွဲ ရေစက်ချအခမ်းအနားကို ယနေ့နံနက်ပိုင်းမှစတင်၍ စေတီတော်ရင်ပြင်သတ်မှတ်နေရာများ၌ ကျင်းပသည်။

ဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တပေါင်းလပြည့်နေ့ ဆွမ်းတော်ကြီးတင်လှူဆက်ကပ်လှူဒါန်းပွဲကို နံနက် ၅ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်မြောက်ဘက်မုခ်ရှိ အောင်မြေ၌ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဂေါပကရုံးဝန်ထမ်းများက ဆွမ်းတော်ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်ရွှေတိဂုံစေတီတော်(၂၆၁၄) နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် အောင်ပွဲရေစက်ချအခမ်းအနားကိုရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ဆက်လက်ကျင်းပရာရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃာတော်များ ကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ယင်းနောက်ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဇာဂရထံမှ ဥပုသ်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီးရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးအောင်ဇေယျလင်းက ရေစက်ချအနုမောဒနာစာတမ်းလွှာကို လျှောက်ထားသည်။

ဆက်လက်၍ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် သံဃာတော်များအား ဂေါပကအဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြပြီး ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ဘဒ္ဒန္တနာရဒါဘိဝံသ(လှုရတနာဆရာတော်)ထံမှဥပုသ်ပရိသတ်များက အနုမောဒနာတရားနာကြား၍ရေစက်ချအမျှပေးဝေကြကာဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကြသည်။

ထို့နောက် စေတီတော်ရင်ပြင် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃာတော်များအား ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။



ယနေ့တပေါင်းလပြည့်နေ့တွင် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ မဟာဝိဇယစေတီတော်၊ ဆူးလေစေတီတော်၊ သီရိမင်္ဂလာ ကမ္ဘာအေး စေတီတော်၊ဝရဒါဠာခါတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၊ မင်းဓမ္မကုန်းရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရွှေဘုန်းပွင့်စေတီတော်၊ သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင် စေတီတော်နှင့် ဆုတောင်းပြည့်မယ်လမုစေတီတော်ကိုးထပ်ကြီးဘုရားတို့တွင်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့၌ (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနား၊ ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပ

**မြစ်ကြီးနား မတ် ၂**

(၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်ကြပြီး ပြည်နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍတွင် စွမ်းစွမ်းတမံ စွမ်းဆောင်ခဲ့ကြသော တောင်သူဦးကြီးများအား စံပြထူးချွန်ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။



ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့လာသည့် သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြားသည်။

**ဂုဏ်ပြုဆုများပေးအပ်**

ထို့နောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးက တောင်သူလယ်သမားနေ့ အခမ်းအနားကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပြည်နယ်အတွင်း ခရိုင်အလိုက် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော တောင်သူများ အနက် အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်သည့်အပြင် အခြားတောင်သူများကို စည်းရုံးပြီး အားကြိုးမာန်တက် ဆောင်ရွက်ခဲ့မှုအတွက် စံပြထူးချွန်တောင်သူ ဆုနှင့် သီးနှံအထွက်နှုန်းတိုးတက်အောင်၊ သီးထပ်စွမ်းအားအမြင့်ဆုံးရအောင် ဆောင်ရွက်နိုင်မှုအတွက် စံပြတောင်သူဆုရတောင်သူများ အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စိုက်ပျိုးရေးရုံးအတွင်း ပြသထားသည့် စိုက်ပျိုးရေးလုပ်ငန်း အထောက်အကူပြုပစ္စည်းများနှင့် ရွက်ဖျန်းအားဆေးများ၊ ဒေသတွင်းအထွက်တိုးသည့် သီးနှံမျိုးစေ့များ၊ အစေ့ချစက်များ ခင်းကျင်းပြသ ထားရှိမှုများအား ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ ဂုဏ်ဆောင်သာသနာ့ဗိမာန်တော်၌ ကျင်းပသည့် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ဥပုသ်ပရိသတ်များက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ မိုးကောင်းမြို့နယ် နမ္မတီးမြို့ စေတိယပါလကျောင်း ဆရာတော် ဘဒ္ဒန္တသာသန က သမ္ဗောဓနီယ ဩဝါဒကထာ မြွက်ကြားချီးမြှင့်သည်။

ထို့နောက် လူမှုရေးရာဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဇနီးနှင့် တာဝန်ရှိသူများက ပင့်သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရ သံဃာတော် သုံးပါး၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့ရသံဃာတော် တစ်ပါး၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့ရ သံဃာတော်လေးပါးနှင့် မဟာသဒ္ဓမ္မဇောတိကဓဇနှင့် ဂန္ထဝါစကပဏ္ဍိတ ဘွဲ့ရ သီလရှင်ဆရာကြီးများအား လှူဖွယ်ပစ္စည်းများ၊ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းကာ သံဃာတော်မထေရ်မြတ်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနား အပြီးတွင် ဘုရားအမှူးပြုသော ဘွဲ့ခံသံဃာတော်များနှင့် ပင့်သံဃာမထေရ်မြတ်ကြီးများ၊ စာအောင်သံဃာတော်များနှင့် သာမဏေများ၊ သီလရှင် ဆရာကြီးများအား ဆွမ်းဆန်တော်၊ ဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းအမျိုးမျိုး လောင်းလှူပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး

**ပဲခူး မတ် ၂**

ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်ဆွေသည် ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုများကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ကမ္ဘောဇသာဒီနန်းတော်ရှိ မြေနန်းပြာသာဒ်ဆောင်၊ ရထားလုံးဆောင်နှင့် ကျွန်းလုံးဆောင်တို့အား ဆေးသုတ်ခြင်းလုပ်ငန်းအပါအဝင် ပြုပြင်ထိန်းသိမ်းခြင်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီရေးနှင့် အချိန်မီပြီးစီးရေးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် သနပ်ပင်မြို့နယ် ပဲခူး-သနပ်ပင်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ကမာစဲ-ရစ်ကန်လေးလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ပဲခူး-သနပ်ပင်-ခရမ်း- သံလျင်လမ်း မိုင်တိုင်အမှတ် (၁၃/၆-၁၃/၇)ကြား စိန်နားကပ်တံတား တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ပဲခူးမြို့၊ ကျိုက်ပွန်ဘုရားလမ်း၊ ဂဝံလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# တပေါင်းလပြည့်နေ့တွင် မန္တလေးမြို့ရှိ ဘုရားစေတီပုထိုးများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား



**မန္တလေး မတ် ၂**

ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်များတွင် တစ်ရက်အပါအဝင်ဖြစ်သည့် တပေါင်းလပြည့်နေ့ (တပေါင်းပွဲတော်)တွင် မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရား စေတီပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ မန္တလေးမြို့ရှိ ဒေသခံပြည်သူများနှင့် ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာပြည်သူများသည် မဟာမုနိရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးများနှင့် ရွှေသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြကာ ကုသိုလ်ကောင်းမှုပြုလုပ်ကြသည်။

ထို့အတူ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများဖြစ်ကြသည့် ရွှေကျီးမြင်မြတ်စွာဘုရား၊ မန္တလေးတောင်ခြေရှိကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရားများနှင့် အောင်တော်မူဘုရား၊ ဘုရားနီဘုရားတို့၌လည်း ပြည်သူများက ကုသိုလ်ပြုဆုတောင်းခြင်း၊ ဘုရားစေတီများ၏ အေးချမ်းသည့် အရိပ်အာဝါသအောက်တွင် တရားဘာဝနာပွားများ အားထုတ်ခြင်းများကို စိတ်အေးချမ်းသာစွာ ဆောင်ရွက်ကြသည်ကို တွေ့မြင်ရသည်။

ထို့ပြင် မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရားနှင့် အနီးပတ်ဝန်းကျင်ရှိ စေတီပုထိုးများ၌လည်း ဗုဒ္ဓပူဇနိယပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ကုသိုလ်ပြုပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားခဲ့သည်။

မန္တလေးမြို့ခံ ကိုကျော်မင်းထွန်းက "ဗုဒ္ဓဘာသာဝင်တွေရဲ့ နေ့ထူးနေ့မြတ်ဖြစ်တဲ့ တပေါင်းလပြည့်နေ့ အခါသမယမှာ အခုလို မိသားစု၊ ဆွေမျိုးမိတ်ဆွေတွေနဲ့အတူ ဘုရားဖူးမြော်ခွင့်၊ ကုသိုလ်ကောင်းမှုပြုခွင့်ရတဲ့အတွက် ဝမ်းမြောက်ကြည်နူးရပြီး စိတ်နှလုံးအေးချမ်းရပါတယ်။ ကျွန်တော်တို့ရဲ့ ရိုးရာအစဉ်အလာမပျက် နှစ်စဉ် စည်ကားသိုက်မြိုက်စွာကျင်းပတဲ့ ရွှေစာရံဘုရားပွဲတော်ကြီးမှာ အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူတွေ၊ တိုင်းရင်းသားတွေနဲ့အတူ တစ်ခဲနက်ပါဝင်ဆင်နွှဲရတဲ့အတွက် ကြည်နူးပီတိဖြစ်ရပါတယ်။ ဒီလို ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေကို မျိုးဆက်သစ်လူငယ်တွေ သိရှိနားလည်ပြီး ပါဝင်ဆင်နွှဲတာကိုလည်း မြင်တွေ့ခဲ့ရပါတယ်။ ဘုရားဖူးပြီးရင် ရိုးရာ ပွဲဈေးတန်းတွေနဲ့ ဒေသထွက်ကုန်တွေကို လှေလာဝယ်ယူမယ်၊ ဒုဋ္ဌဝတီမြစ်အတွင်းမှာ ရေကစားပြီး မိသားစုနဲ့အတူ ပျော်ရွှင်စွာ အပန်းဖြေအနားယူသွားပါမယ်" ဟု ပြောသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ရှေးဟောင်းသမိုင်းဝင် သစ္စာအဓိဋ္ဌာန်အောင် ရွှေစာရံဘုရားကြီး၏ (၇၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ မန္တလေးမြို့သူ မြို့သားများနှင့်အတူ အနယ်နယ်အရပ်ရပ်မှ ပြည်သူများ၊ အနီးပတ်ဝန်းကျင်ရှိ ရှမ်းတိုင်းရင်းသားများပါ လာရောက်ဆင်နွှဲကြသဖြင့် အထူးစည်ကားလျက်ရှိသည်။

အဆိုပါဘုရားပွဲတော်တွင် ရိုးရာပွဲဈေးတန်းများအပြင် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ သံဃာတော်များကို ဆွမ်းဆန်စိမ်းလောင်းလှူပွဲများနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပလျက်ရှိသည်။

ပွဲဈေးတန်းအတွင်း တောင်ပေါ်မြေပြန့်ဒေသထွက် စားသောက်ကုန်များ၊ မြန်မာ့ချည်ထည်ဝတ်စုံနှင့် အထည်အမျိုးမျိုး၊ ကျေးလက်ဒေသထွက်ကုန်သီးနှံများ၊ ဆေးဖက်ဝင်အပင်များ၊ အသုံးအဆောင်ပစ္စည်းများ၊ မြန်မာ့ရိုးရာမုန့်အမျိုးမျိုးနှင့် အမှတ်တရပစ္စည်းများကို နွားလှည်းများ၊ မော်တော်ယာဉ်များနှင့် ဆိုင်ခန်းများဖြင့် စနစ်တကျခင်းကျင်းရောင်းချပေးလျက်ရှိရာ ပွဲတော်လာပြည်သူများက အမှတ်တရဝယ်ယူကြသည်။

ထို့ပြင် ဘုရားအနီးရှိ ဒုဋ္ဌဝတီမြစ်အတွင်း ရေချိုးဆော့ကစားခြင်း၊ လှေစီးခြင်းနှင့် အပန်းဖြေအနားယူခြင်းတို့ဆောင်ရွက်ကြသည့်ဘုရားပွဲလာပြည်သူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

**ဓာတ်ပုံ – ဇာနည်ကိုကို(ပြန်/ဆက်)**

# Seed Fair 2026 (မျိုးစေ့ပြပွဲ ၂၀၂၆) တွင်"တောင်သူကိုဗဟိုပြုသော ဂေဟစနစ်အခြေပြု စိုက်ပျိုးရေးစနစ်" နှင့် "ဇီဝစီးပွားရေး" ခေါင်းစဉ်ဖြင့် တောင်သူနည်းပညာဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၂**

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်း၌ ကျင်းပလျက်ရှိသည့် Seed Fair 2026 (မျိုးစေ့ပြပွဲ ၂၀၂၆) ၏ ဒုတိယနေ့ဖြစ်သောယနေ့နံနက်ပိုင်းတွင် "တောင်သူကိုဗဟိုပြုသော ဂေဟစနစ်အခြေပြုစိုက်ပျိုးရေးစနစ်" နှင့် "ဇီဝစီးပွားရေး" ခေါင်းစဉ်ဖြင့် (၁၀၄)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကျင်းပသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ဂေဟစနစ်အခြေပြု စိုက်ပျိုးရေး၏ အဓိပ္ပာယ်နှင့်လိုအပ်ချက်များ၊ တောင်သူ ဗဟိုပြုချဉ်းကပ်မှု၏ အကျိုးကျေးဇူး၊ လက်တွေ့အသုံးချနည်းစနစ်များ၊ စိန်ခေါ်မှုများနှင့် ဖြေရှင်းနည်းလမ်းများ၊ မူဝါဒပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုတို့အပြင် ဇီဝစီးပွားရေး၏ အဓိပ္ပာယ်နှင့် ခေတ်သစ်စိုက်ပျိုးရေးတွင် အရေးပါလာပုံ၊ ဇီဝစီးပွားရေးနှင့် မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ချိတ်ဆက်ဆောင်ရွက်နိုင်မည့်နည်းလမ်းများ၊ စိုက်ပျိုးရေး ဇီဝစီးပွားရေး (Agri-bioeconomy) မြှင့်တင်ခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးတက်ရေး အလားအလာများ၊ ဇီဝစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနနှင့် နည်းပညာဆိုင်ရာ ဆောင်ရွက်ချက်များ၊ စက်မှုကုန်ကြမ်း၊ ဇီဝလောင်စာနှင့် ဇီဝထုတ်ကုန်များ၊ အဏုဇီဝအသုံးပြုထုတ်ကုန်များ ထုတ်လုပ်ရေးတွင် တောင်သူများ၏ အခန်းကဏ္ဍ၊ ဇီဝစီးပွားရေး မြှင့်တင်ရေးအတွက် မူဝါဒပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများနှင့် ဈေးကွက်ရရှိရေးအတွက် ဈေးကွက်ဝင်သီးနှံများကို လူထုအခြေပြုစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ခြင်းတို့နှင့် စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးသည်။



ခေတ်မီစိုက်ပျိုးရေးစနစ်များဖြစ်သည့် ဂေဟစနစ်အခြေပြု စိုက်ပျိုးရေးနှင့် ဇီဝစီးပွားရေး (Bioeconomy) ဆိုင်ရာ အသိပညာဗဟုသုတများ တောင်သူများထံ ပြန့်ပွားရောက်ရှိစေရန်၊ တောင်သူများ၏ လက်တွေ့ပြဿနာများနှင့် အတွေ့အကြုံများကိုသုတေသီများနှင့် ပြန်လည်မျှဝေခြင်းဖြင့် သုတေသနလုပ်ငန်းများ တောင်သူဗဟိုပြုဖြစ်လာစေရန် ရည်ရွယ်ကျင်းပသည့် အဆိုပါ တောင်သူနည်းပညာဆွေးနွေးပွဲ ဒေသခံတောင်သူများ၏ လိုအပ်ချက်များကို အနီးကပ်သိရှိပြီး သက်ဆိုင်ရာ မူဝါဒနှင့် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုများ ချိတ်ဆက် ဆောင်ရွက်ပေးနိုင်ရန်၊ ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် တောင်သူများ၏ အခန်းကဏ္ဍကိုမြှင့်တင်ပေးရန်နှင့် ဂေဟစနစ်နှင့် လိုက်လျောညီထွေဖြစ်သော စိုက်ပျိုးနည်းစနစ်များ၊ ဇီဝစီးပွားရေးအခြေပြု စိုက်ပျိုးထုတ်လုပ်မှုများ ကျင့်သုံးလာစေရေး အားပေးမြှင့်တင်နိုင်ရေး၊ အိမ်ခြံဝင်း အော်ဂဲနစ်စနစ်ကျင့်သုံးရေး အလေးထားဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသီပညာရှင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပြန့်ပွားရေးပညာရှင်များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိတောင်သူများနှင့် ဌာနတာဝန်ရှိသူများ တက်ရောက်ကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းဆွေးနွေးခဲ့ကြကြောင်း၊ မတ် ၁ ရက်မှ ၃ ရက်အထိ ခင်းကျင်းပြသလျက်ရှိသည့် Seed Fair 2026 (မျိုးစေ့ပြပွဲ ၂၀၂၆) တွင် လယ်ယာသီးနှံ ၁၀ မျိုး၏ မျိုးပြား ၉၁ မျိုး၊ ဟင်းသီးဟင်းရွက်သီးနှံ ၂၄ မျိုး၏ မျိုးပြား ၅၃ မျိုးတို့အပြင် ပြခန်းများအနေဖြင့် ဌာနနှစ်ခုနှင့် ကုမ္ပဏီ ၃၄ ခုတို့ ခင်းကျင်းပြသထားပြီး ပြပွဲကာလအတွင်း မည်သူမဆို အခမဲ့ လာရောက်လေ့လာနိုင်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကော့မှူးမြို့နယ်၌ ငှက်ဖျားရောဂါအကြောင်းအသိပညာပေး ဟောပြောပွဲနှင့် ဆေးစိမ်ခြင်ထောင်များ ပေးအပ်

**ကော့မှူး မတ် ၂**

ကော့မှူးမြို့နယ် တွံတေးခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ငှက်ဖျားရောဂါကြိုတင်ကာကွယ်ရေးအကြောင်း အသိပညာပေး ဟောပြောပွဲနှင့် ဆေးစိမ်ခြင်ထောင်များ ပေးအပ်ခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက တကူပုံကျေးရွာ လူထုဗဟိုပြုခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ချိုမျိုးထိုက်တို့က ဆေးစိမ်ခြင်ထောင်များပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ငှက်ဖျားဌာနမှ MI ဦးအောင်သူက ငှက်ဖျားရောဂါအကြောင်းနှင့် ရောဂါမဖြစ်ပွားအောင် ကာကွယ်ရန်နည်းလမ်းများ၊ တခြားဒေသမှ ပြောင်းရွှေ့လာသူများအနေဖြင့် ငှက်ဖျားပိုးစစ်ဆေးရန် လိုအပ်ကြောင်းနှင့် ငှက်ဖျားရောဂါနှင့် ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တကူပုံကျေးရွာရှိ အိမ်ခြေ ၁၆၃ လုံး၊ အိမ်ထောင်စု ၁၇၆ စု၊ လူဦးရေ ၆၆၅ ဦးအတွက် ဆေးစိမ်ခြင်ထောင်အလုံး ၃၀၀ ကို ကျေးရွာနေပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**



ပဲခူးမြို့ပေါ်ရှိ ပဲခူးမြို့မဈေး၊ ဘုရားဈေးသစ်ဈေး၊ ဖက်တန်းဈေးများ၌ ဈေးပိတ်ချိန်တွင်ဈေးဆိုင်ခန်းများ မီးသုံးစွဲထားရှိမှုနှင့် မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုများကို ဖေဖော်ဝါရီ ၂၇ ရက်က ခရိုင်မီးသတ်ဦးစီးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်များပူးပေါင်းပြီး စစ်ဆေးဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ

# ကလေးမြို့ ရတနာပုံ ရွှေဘုံသာစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ ကျင်းပ

**ကလေး မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ရတနာပုံ ရွှေဘုံသာစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ရွှေဘုံသာ



စေတီတော်မြတ်ကြီး ဓမ္မာရုံ၌ ပြုလုပ်သည်။

ဦးစွာ ကြွရောက်တော်မူလာကြသည့် ဆရာတော်သံဃာတော် အရှင်သူမြတ် ၁၀၈ ပါးတို့က စေတီတော်မြတ်ကြီးရင်ပြင်တော်တွင် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနားကို ကျင်းပခဲ့ပြီး အလှူရှင်အပေါင်းတို့က ဆရာတော်သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းဆန်စိမ်းလောင်းလှူခဲ့သည်။

ဆက်လက်၍ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ တောင်ဖီလာ ဆရာတော် ဘဒ္ဒန္တရာဇိန္ဒထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(ကလေး)မှ ဒေသကွပ်ကဲရေးမှူး၏ဇနီး၊ ကလေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမိုးထက်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ယင်းနောက် ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (ကလေး)မှ ဒေသကွပ်ကဲရေးမှူးက သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့သည်။ ရွှေဘုံသာစေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ ဦးဆောင်ဘုရားဒါယကာမိသားစုနှင့် ဗိသုကာပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ **ခရိုင်(ပြန်/ဆက်)**

# (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်

**မအူပင် မတ် ၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် သောင်တန်း-တံခွန်တိုင်-မီးသွေးချောင်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက်က မီးသွေးချောင်းကျေးရွာအုပ်စု တံခွန်တိုင်ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ ခရိုင်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်အေးနန္ဒာစိုးတို့က ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ခရိုင်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)က ကွန်ကရစ်လမ်းဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များ ပေးအပ်သည်။ ယင်းနောက် သယံဇာတရေးရာ ဝန်ကြီးနှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



အဆိုပါ ကွန်ကရစ်လမ်းသစ်သည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အရှည်ပေ ၁၃၂၀၊ အကျယ် ၁၂ ပေ ဆောင်ရွက်ခဲ့ပြီး ဖွင့်ပွဲသို့ သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**

# ပြည်ပတင်ပို့မည့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေးဇုန်အဖြစ် ဧက ၅၀၀ စိုက်ပျိုးထုတ်လုပ်သွားမည်

**နေပြည်တော် မတ် ၂**



နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်း စားသုံးမှုအတွက် ဆန်စားရေရိက္ခာဖူလုံစေရန်၊ ပြည်တွင်းဆန်ဈေးကွက်တည်ငြိမ်စေရန်နှင့် မျိုးကောင်းမျိုးသန့်အရည်အသွေးကောင်းဆန်များကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန် မူဝါဒများချမှတ်ခဲ့ရာ ယခုအခါ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးရာသီမှ စတင်၍ ကျွန်းတက်ပဲ့ကျေးရွာအုပ်စုနှင့် ကြာပင်ကျေးရွာအုပ်စုတို့တွင် ပြည်ပတင်ပို့မည့် ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရေးဇုန် (Rice Export Zone) အဖြစ် ဧက ၅၀၀ စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း ဒက္ခိဏသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"နိုင်ငံတော်က တစ်ဧကကို ကျပ် နှစ်သိန်းခွဲနဲ့ ညီမျှတဲ့ သွင်းအားစု ကွန်ပေါင်းတစ်အိတ်၊ ပုလဲခါတ်မြေဩဇာ တစ်အိတ်တို့ကို အသုံးပြုဖို့ အတိုးမဲ့ဆောင်ရွက်ပေးထားပါတယ်။ သက်ဆိုင်ရာကုမ္ပဏီကလည်း တစ်ဧကကို ကျပ် နှစ်သိန်းနှုန်းနဲ့ စိုက်ပျိုးစရိတ်အဖြစ် ထုတ်ချေးပေးထားပြီး စပါးပေါ်တဲ့အခါ ပေါက်ဈေးနဲ့ ဝယ်ယူသွားမှာ ဖြစ်ပါတယ်။ (Rice Export Zone)က တောင်သူ ၁၄၁ ဦးနဲ့ ဧက ၅၀၀ စိုက်ပျိုး ထုတ်လုပ်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တောင်သူအကြိုက် မျိုးသုံးမျိုး ပေးထားပါတယ်။ နံ့ကောက်၊ အောင်နိုင်တိုးနဲ့ GW-11 ပါ၊ ကိုယ်ကြိုက်တဲ့ မျိုးတစ်မျိုးကို ဧက ၅၀ တစ်ကွင်း တစ်ဆက်တည်း စိုက်ပျိုးသွားရမှာ ဖြစ်ပါတယ်"ဟု ဒက္ခိဏသီရိမြို့နယ် ဦးစီးမှူး ဦးမြင့်နိုင်က ပြောသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် (Rice Export Zone)တွင်ပါဝင် စိုက်ပျိုး ထုတ်လုပ်သွားမည့် တောင်သူများအတွက် မျိုးနှင့် သွင်းအားစုများ အချိန်မီရရှိရေး ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် နည်းပညာပေးလုပ်ငန်းများအပြင် သီးနှံများတွင် ပိုးသတ်ဆေးခါတ်ကြွင်း ပါဝင်မှုမရှိစေရန် ဘက်စုံပိုးမွှား ကာကွယ်နှိမ်နင်းနည်းစနစ်များကိုလည်း ကွင်းဆင်းဆောင်ရွက်ပေးထားပြီးဖြစ်သည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MAPCO) ကုမ္ပဏီနှင့် ဒေသခံတောင်သူတို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး စပါးပေါ်ချိန်တွင် ဒေသပေါက်ဈေးဖြင့် စပါးအားလုံး ဝယ်ယူသွားမည်ဖြစ်ကြောင်းနှင့် (Rice Export Zone) အတွက် စိုက်ပျိုးရေကို နေပြည်တော် ငလိုက်ဆည်မှ စတင်ပေးဝေနေပြီဖြစ်ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**



# (၉၄)ကြိမ်မြောက် ဘုရားဖြူဝိနည်း စာတော်ပြန်ပွဲ စာအောင်ဆုနှင်းသဘင်ကျင်းပ

**ရန်ကုန် မတ် ၂**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်၌ ရန်ကုန်တိုင်းဒေသကြီး လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်း၏ (၉၄)ကြိမ်မြောက် ဘုရားဖြူဝိနည်း စာတော်ပြန်ပွဲ စာအောင်ဆုနှင်းသဘင်အခမ်းအနားကို ပုဇွန်တောင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် ဘုရားဖြူကျောင်းတိုက်ရှိ သံဃသမိတိကျောင်းတိုက်၌ ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် ဘုရားဖြူကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ တိလောကာဘိဝံသက ဩဝါဒကထာ ဟောကြားချီးမြှင့်တော်မူပြီး အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေက (၉၄)ကြိမ်မြောက် ဘုရားဖြူဝိနည်းစာတော်ပြန်ပွဲတွင် အတန်းစုံ ၆၀၆ ပါး ဖြေဆိုခဲ့ကြောင်း၊ ဝိနယပါရဂူစာချတန်း ကျမ်းပြီးအောင် တစ်ပါး၊ နှစ်ကျမ်းအောင် နှစ်ပါး၊ တစ်ကျမ်းအောင် တစ်ပါး၊ အကြီးတန်းအောင် (ဝိနယဝိသာရဒ) နှစ်ပါး၊ အလတ်တန်းအောင် (ဝိနယဆေက) ၁၂ ပါး၊ အငယ်တန်းအောင်(ဝိနယကောသလ္လ) အပါး ၄၀၊ မူလတန်းအောင် (သာမဏေရဝိနယမူလ) ၂၁၄ ပါး စုစုပေါင်း ၂၇၂ ပါး ဖြေဆိုအောင်မြင်ခဲ့ကြောင်း လျှောက်ထားခဲ့သည်။

ထို့နောက် ဆရာတော် သံဃာတော်များနှင့် စာအောင်သံဃာတော် အရှင်သူမြတ်တို့အား အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

**ဟန်စုယဉ်**



မွန်ပြည်နယ် မော်လမြိုင်မြို့ မောင်ငံဈေး၊ သံလွင်ဈေးနှင့် သီရိမြိုင်ဈေးတို့၌ မီးဘေးလုံခြုံရေးအတွက် မတ် ၁ ရက်က ခရိုင်မီးသတ်ဦးစီးမှူး ဦးမြင့်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ စစ်ဆေးစဉ်။

ခင်စန်းမြင့်(ပြန်/ဆက်)



မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စက်မှု(၁)ဈေး၌ မီးလောင်မီးလန့်မှုများ မဖြစ်ပွား မပေါ်ပေါက်စေရေးအတွက် မတ် ၁ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ခံများနှင့် ဈေးသူ ဈေးသားများ ပူးပေါင်းကာ ဈေးအတွင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ 191 report application အား ထည့်သွင်းပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြဆောင်ရွက်စဉ်။

ဇော်ဘီ

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနား တက်ရောက်

**မကွေး မတ် ၂**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အသီးသီးမှ တောင်သူကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရာက်ကြသည်။

ဦးစွာ (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားမုခ်ဦးကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အခမ်းအနားတွင် ပါဝင်ခဲ့သည့် ဘင်ခရာ၊ ပန်းဖွားအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် မြို့တော်ခန်းမအတွင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှပေးပို့သည့် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး (၅)နှစ်တာကာလအတွင်း သီးထပ်တိုးချဲ့စိုက်ပျိုး၍ သီးနှံစိုက်စွမ်းအားတိုးတက်မှု အမြင့်ဆုံးရရှိသည့် ခရိုင်/မြို့နယ်များ၊ တစ်ဧကအထွက်နှုန်းအမြင့်ဆုံးနှင့် မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်မှုများတွင် ထူးချွန်ဆုရရှိသည့် တောင်သူကြီးများ၊ ဆာဖိုးသာ၊ အောင်နိုင်တိုးမျိုးပြောင်းလဲနိုင်မှုအများဆုံးမြို့နယ်နှင့် စိုက်ပျိုးရေးဦးစီးဌာန(Call Center)သို့ စိုက်ပျိုးရေးဆိုင်ရာများအား ဖုန်းဖြင့်ဆက်သွယ်မေးမြန်းရာတွင် တစ်နိုင်ငံလုံး ဒုတိယအများဆုံး ဆုရရှိသူများကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ပြီး (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး၏ စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍနှင့် သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက် Video Clip ကို ပြသသည်။

ဆက်လက်၍ Magway Violin Group မှတယောတီးခတ်ဖျော်ဖြေခြင်း၊ ပညာရေးဒီဂရီကောလိပ် ယိမ်းအဖွဲ့မှ "တိုးတက်အလှဝေကျေးလက်မြေ" သီချင်းနှင့် အခြေခံကျန်းမာရေးတက္ကသိုလ်ယိမ်းအဖွဲ့မှ ကျေးလက်အကများဖြင့် ကပြဖျော်ဖြေခြင်းတို့ဆောင်ရွက်ကြပြီး ဖျော်ဖြေတင်ဆက်ခဲ့ကြသော ကျောင်းသားကျောင်းသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများချီးမြှင့်ကာ တောင်သူအသိပညာပေးခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**



# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနား တက်ရောက်

**ပုသိမ် မတ် ၂**

(၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် မရမ်းချောင်းကျေးရွာ၌ ကျင်းပသည်။

ဦးစွာ တောင်သူလယ်သမားနေ့ အခမ်းအနား မုခ်ဦးဆိုင်းဘုတ်ကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အဖြစ် စိုက်ပျိုးပြသထားသည့် ဆီထွက်သီးနှံနေကြာစိုက်ခင်း၊ သစ်သီးဝလံ ပန်းမန်ဥယျာဉ်၊ အိမ်ခြံဝင်းဟင်းခင်းပဒေသာ (Home Garden)၊ ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမွေးကန်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ပြသထားသည့် သီးနှံစုံ စိုက်ခင်းများနှင့် ကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးနေမှုများကိုကြည့်ရှုအားပေးကြသည်။

ယင်းနောက် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကိုကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားကာ တောင်သူလယ်သမားနေ့အထိမ်းအမှတ် ဂုဏ်ပြုစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိုးစပါးသီးနှံစိုက် ထူးချွန်တောင်သူဆု၊ ပီလောပီနံသီးနှံစိုက် ထူးချွန်တောင်သူဆု၊ ပဲပုပ် – ပဲကြီးသီးနှံစိုက် ထူးချွန်တောင်သူဆု၊ သီဟိုဠ်သီးနှံစိုက် ထူးချွန်တောင်သူဆု၊ ရေငန်ပုစွန်မွေးမြူရေး လုပ်ငန်းရှင် ထူးချွန်ဆု၊ ရော်ဘာ၊ နာနတ်စိုက်ပျိုးရေး ထူးချွန်တောင်သူဆု ရရှိသူများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက စိုက်ပျိုးရေး၊ မွေးမြူရေးထူးချွန်ဆုရရှိသူများကို လည်းကောင်း ဆုများချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြပြီး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရရှိသည့် ဆရာတော်များ၊ သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်များဆက်ကပ်ကာ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ရရှိသည့် လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်များ အပ်နှင်းကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ဆရာတော်များထံမှ အနုမောဒနာတရား နာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ စေတနာရှင်အလှူရှင်များက ပင့်သံဃာ ဆရာတော် ၁၁ ပါး၊ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီး ၂၉ ပါး၊ သီလရှင်ဆရာကြီး နှစ်ပါး၊ အထူးအောင်သီလရှင် တစ်ပါး၊ စုစုပေါင်း ၄၃ ပါးတို့ကို ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုများ လောင်းလှူပူဇော်ကြသည်။

ယမန်နေ့ ညနေပိုင်းကလည်း တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်ပြခန်းများကို တက်ရောက်ဖွင့်လှစ်ပေးပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကာ ခရိုင်အလိုက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ဒေသထွက်ကုန်များ ပိုမိုထုတ်လုပ်စေရေး၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ကြမ်းမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ စားသောက်ကုန်များကို ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များအထိ တင်ပို့ရောင်းချနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



ဘီးလင်းမြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးတင်လင်းဦးနှင့် တပ်ဖွဲ့ဝင်များ ရပ်ကွက်အတွင်းရှိ အုတ်ရေကန်များ ကောင်း၊ မကောင်းနှင့် ရေပြတ်လပ်ပါက ရေဖြည့်တင်းနိုင်ရေးအတွက် မတ် ၂ ရက်က ကန်သာယာရပ်ကွက်သို့ ကွင်းဆင်းဆောင်ရွက်စဉ်။

မြို့နယ် (ပြန်/ ဆက်)

# ကလောမြို့နယ်၌ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ အသိပညာပေးဟောပြော

**ကလော မတ် ၂**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့ အမှတ်(၇)ရပ်ကွက် ဗောဓိကုန်းပရိယတ္တိစာသင်တိုက်၌ မတ် ၁ ရက်က အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောအဖွဲ့ ၄၅ ဖွဲ့မှ အဖွဲ့ဝင် ၁၄၅ ဦး တက်ရောက်သည်။



ဦးစွာ ရှမ်းပြည်နယ်သစ်တောဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကိုကိုက မြန်မာ့သစ်တောမူဝါဒ၏ ပဓာနကျသောအချက်များ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ CF လုပ်ငန်းများအပေါ် မိန့်မှတ်ချက်များကို ရှင်းလင်းဟောပြောသည်။ ထို့နောက် ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်မင်းက ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်းဆိုင်ရာ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊တားမြစ်ချက်များအား အသေးစိတ်ရှင်းလင်းဟောပြောပြီး လက်ရှိကလောမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများကို ညွှန်ကြားချက်နှင့်အညီ CFI (၂၀၁၉)ပါ တားမြစ်ချက်များအား ဖောက်ဖျက်ကျူးလွန်မှု ရှိ/မရှိ၊ CF ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်မှု ရှိ/မရှိ စိစစ်ဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်မည့် အစီအစဉ်များကို ချပြရှင်းလင်းခဲ့ပြီး CF အဖွဲ့များအနေဖြင့်လည်း ၂၀၂၆ ခုနှစ် မိုးရာသီတွင် စီမံချက်နှင့်အညီ စိုက်ပျိုးလုပ်ကိုင်ဆောင်ရွက်နိုင်ရန် အသိပညာပေးဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **ကျော်ဝင်း(ကလော)**

## ချောင်းဆုံမြို့နယ်၌ အစိုးရပါဠိပထမပြန် စူဠဆုနှင်းသဘင်အခမ်းအနား ကျင်းပ

**ချောင်းဆုံ မတ် ၂**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ပရိယတ္တိစာပေများ ထူးချွန်သူရဟန်းရှင်လူများ ပေါ်ထွန်းလာစေရန်အတွက် မြို့နယ်သံဃနာယကအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျင်းပသည့် အစိုးရပါဠိပထမပြန်၊ အဘိဓမ္မာဝိသုဒ္ဓိမဂ်နှင့် ယဉ်ကျေးမှုစာမေးပွဲ စာအောင်ဆုနှင်းသဘင်အခမ်းအနားကို မတ် ၂ရက်က ချောင်းဆုံအနောက်ရပ်ကွက်ရှိ မင်းကျောင်းသာသနဝိမာန်တော်၌ ကျင်းပသည်။



အခမ်းအနားတွင် နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ကြပြီး မြို့နယ်သံဃနာယက ဥက္ကဋ္ဌ တကူကနာမရမ်းကျောင်းဆရာတော်ထံမှ သီလခံယူကာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းနှင့် တာဝန်ရှိသူများက နိုင်ငံတော်အစိုးရ ပါဠိပထမပြန်စာမေးပွဲအောင် အရှင်သူမြတ်တို့အား အဆင့်အတန်းအလိုက် ပင့်ဆောင်ကာ ဆုလက်မှတ်ဆက်ကပ်ခြင်းနှင့် အဘိဓမ္မာရိုးရိုးအောင်၊ အဘိဓမ္မာဂုဏ်ထူးအောင်နှင့် ဝိသုဒ္ဓိမဂ်အောင်ပုဂ္ဂိုလ်များအား အဆင့်အတန်းအလိုက် ဆုလက်မှတ်များပေးအပ်ကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို မွန်းတည့် ၁၂ နာရီတွင် ကျင်းပရာ မြို့နယ်လုံးဆိုင်ရာ သံဃာ့ဂိုဏ်းပေါင်းစုံ ပရိယတ္တိ ဟိတကာရီအဖွဲ့၏ မွန်၊ မြန်မာ နှစ်ဘာသာရေးဖြေစာမေးပွဲ စာအောင်အရှင်သူမြတ်တို့အား ဆရာတော်၊ သံဃာတော်များနှင့် တာဝန်ရှိသူများက ဆုလက်မှတ် ဆက်ကပ်ခဲ့ကြကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

## ပူတာအိုမြို့၌ (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကျင်းပ

**ပူတာအို မတ် ၂**

ကချင်ပြည်နယ် ပူတာအိုမြို့၌ (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပူတာအိုမြို့ ဖုန်ကန်ရာဇိခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ သဝဏ်လွှာအား ဖတ်ကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ထွေးတို့က မိုးစပါး၊ ဆီမုန်ညင်းသီးနှံ နှစ်သီးထပ် အမြင့်မားဆုံးစိုက်ပျိုးဆောင်ရွက်ခြင်း တောင်သူဆုရ ဇီးအွန်ကျေးရွာမှ တောင်သူ ဦးဒီးနဖုန်အားလည်းကောင်း၊ ဘက်စုံစိုက်ပျိုးရေးလုပ်ငန်း တစ်ဧကအထွက်နှုန်း အမြင့်မားဆုံးစိုက်ပျိုးဆောင်ရွက်ခြင်း တောင်သူဆုရ နောင်ခိုင်ကျေးရွာမှ တောင်သူ ဦးထွန်းထွန်းလင်းအား လည်းကောင်း၊ ဘက်စုံစိုက်ပျိုးရေးလုပ်ငန်း တစ်ဧကအထွက်နှုန်းအမြင့်မားဆုံး စိုက်ပျိုးဆောင်ရွက်ခြင်း တောင်သူဆုရ လန်းနို-၂ကျေးရွာမှ တောင်သူ ဦးစိုင်းလှထွန်းအား လည်းကောင်း၊ ဘက်စုံစိုက်ပျိုးရေးလုပ်ငန်း တစ်ဧက အထွက်နှုန်းအမြင့်မားဆုံး စိုက်ပျိုးဆောင်ရွက်ခြင်း တောင်သူဆုရ ပန်းလှိုင်ရပ်ကွက်မှ တောင်သူ ဒေါ်စွဲ့အေးဟွမ်အား လည်းကောင်း၊ ဘက်စုံစိုက်ပျိုးရေးလုပ်ငန်း တောင်သူ အများစိုက်ပျိုးလာရန် စည်းရုံးနိုင်ခြင်း တောင်သူဆုရ ဟိုခိုရပ်ကွက်မှတောင်သူဦးအားဖူအားလည်းကောင်း ဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## မုဒုံမြို့ရှိ ကန်ကလေးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် ရိုးရာလှေလှော်ပြိုင်ပွဲကျင်းပ

**မုဒုံ မတ် ၂**

မွန်ပြည်နယ် မုဒုံမြို့ရှိ ဆံတော်ရှင်ကန်ကလေးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ်အဖြစ် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို (တပေါင်းလပြည့်နေ့) ယနေ့နံနက် ၉ နာရီက ကန်ကလေးကန်အတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



အဆိုပါ လှေလှော်ပြိုင်ပွဲတွင် မြို့ပေါ်လှေလှော်အသင်း ရှစ်သင်း၊ ကျေးရွာလှေလှော်အသင်း သုံးသင်း စုစုပေါင်း လှေလှော်အသင်း ၁၁ သင်းက ပါဝင်ယှဉ်ပြိုင် လှော်ခတ်သွားမည်ဖြစ်ပြီး ပထမပွဲစဉ်အဖြစ် ချစ်ရေလှိုင်းလှေလှော်အသင်းနှင့် နိုင်ပန်းအောင် လှေလှော်အသင်းတို့ ယှဉ်ပြိုင်ကြသည်။ ဗိုလ်လုပွဲစဉ်နှင့် ဆုပေးပွဲအခမ်းအနားကို ညနေပိုင်းတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး မြို့ပေါ်အသင်းများအား ပထမဆု ငွေကျပ် ခုနစ်သိန်း၊ ဒုတိယ ငွေကျပ် ငါးသိန်း၊ တတိယဆု ငွေကျပ် သုံးသိန်း၊ စတုတ္ထဆု ငွေကျပ် နှစ်သိန်း၊ ကျေးရွာအသင်းများအား ပထမဆု ငွေကျပ် လေးသိန်း၊ ဒုတိယဆု ငွေကျပ် နှစ်သိန်းငါးသောင်း၊ တတိယဆု ငွေကျပ် တစ်သိန်းငါးသောင်းနှင့် တံခွန်စိုက်ဒိုင်းဆုများ၊ အထူးဆုများကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီထံမှ သိရသည်။

**ရာမည(ပြန်/ဆက်)**

## ပုဂံမြို့သစ် စည်ပင်သာယာဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**ပုဂံ မတ် ၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပုဂံမြို့သစ်ဈေးကြီးအား မီးဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် ယနေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်၍ ခရိုင်နှင့်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပုဂံနယ်မြေမီးသတ်စခန်းတာဝန်ခံ လက်ထောက်မီးသတ်ဦးစီးမှူး ဦးမောင်မောင်သိန်း၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့က ပုဂံမြို့သစ်ဈေးကြီး အတွင်း၊ အပြင် မီးဘေးကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရန်အချက်များကို အသိပညာပေးခြင်းနှင့် ဈေးဆိုင်များအား စစ်ဆေးပြီး မီးငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**



## တောင်ကြီးမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**တောင်ကြီး မတ် ၂**

တောင်ကြီးမြို့ ဈေးပိုင်းရပ်ကွက်ရှိ မြို့မဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းနှင့် အသိပညာပေးဟောပြောပွဲကို မတ် ၂ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။

ဦးစွာ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်နှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမြင့်သန်းတို့က ဈေးသူဈေးသားများနှင့် ဒေသခံပြည်သူများအား မီးလောင်မှုအခြေခံသဘောတရားများ၊ မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြုပုံများနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပြီး မီးငြိမ်းသတ်ခြင်းကို လက်တွေ့သရုပ်ပြသ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ထက်ဝေ(ပြန်/ဆက်)**



## မော်လမြိုင်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်

**မော်လမြိုင် မတ် ၂**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်းရှိပြည်သူများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးကျော်သူ ဦးဆောင်မှုဖြင့် ဝန်ထမ်းများမှ ဖေဖော်ဝါရီ ၂၈ ရက်က မြို့နယ်အတွင်းရှိ ရပ်ကွက်များ၌ အသိပညာပေးနှိုးဆော်ခြင်းကို ဆောင်ရွက်သည်။



အသိပညာပေးနှိုးဆော်ရာတွင် ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်၍ ပြည်သူများ မီးဘေးအန္တရာယ်မှ ကင်းဝေးစေရေးအတွက် မိမိနေအိမ်၊ ဌာန၊ လုပ်ငန်းများတွင် မီးကိုလုံးဝပေါ့ဆစွာ မသုံးစွဲကြပါရန်နှင့် မီးလောင်မှုမဖြစ်ပွားအောင် မီးဘေးအန္တရာယ်ကို နေ့စဉ်သတိပြု၍ ကြိုတင်ကာကွယ်ခြင်းဖြင့် အနိုင်ယူသွားကြပါရန် သတိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၁၃၉၈ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ



**မန္တလေး မတ် ၂**

၁၃၈၇ ခုနှစ် တပေါင်းလပြည့်နေ့ အခါသမယနှင့် ၂၀၂၆ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်း စာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း ယနေ့တွင် မန္တလေးမြို့ရှိ မန္တလေး ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၁၃၉၈ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မန္တလေးဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့ကြသည့် အကျဉ်းသား ၁၀၆၅ ဦးနှင့် အကျဉ်းသူ ၃၃၃ ဦးတို့အား မန္တလေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချို၀င်းထွန်းနှင့် တာဝန်ရှိသူတို့က ယနေ့နံနက်ပိုင်းတွင် မန္တလေး ဗဟိုအကျဉ်းထောင်၌ တွေ့ဆုံ၍ ဆုံးမဩဝါဒစကားများ ပြောကြားခဲ့သည်။

ထို့နောက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား၊ အကျဉ်းသူများအား၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လုပ်အားခဆုငွေနှင့် စားစရိတ်၊ ခရီးစရိတ်ပေးအပ်ခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေး၍ အကျဉ်းထောင်မှ လွှတ်ပေးခဲ့သည်။

ယနေ့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်ခြင်းနှင့် စပ်လျဉ်း၍ မန္တလေး ဗဟိုအကျဉ်းထောင်မှ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဇော်မောင်က "ထောင်ကနေ လွတ်ငြိမ်းခွင့်ရတဲ့သူတွေကို နိုင်ငံတော်ကနေ လမ်းစရိတ်နဲ့ ခရီးစရိတ်တွေကို တွက်ချက်ပြီး ထုတ်ပေးပါတယ်။ လုပ်အားခခံစားခွင့်တွေကိုလည်း တွက်ချက်ပြီး ထုတ်ပေးလျက်ရှိပါတယ်။ ဒေသအလိုက် ပြန်ကြမယ့်သူတွေကိုလည်း ဌာနပိုင်မော်တော်ယာဉ်တွေနဲ့ သက်ဆိုင်ရာကားဂိတ်တွေကို လိုက်လံပို့ဆောင်ပေးပါတယ်။ တကယ်လို့ မိသားစုက လာကြိုတယ်ဆိုရင်လည်း ဝမ်းပန်းတသာ ကြိုဆိုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးပါတယ်။ အခုလို လွတ်မြောက်ကြတဲ့သူတွေအနေနဲ့ မိသားစုနဲ့အတူ ကျန်းမာစွာပြန်နိုင်ပြီး နိုင်ငံတော်ကိုအကျိုးပြုကာ မိသားစုဘဝတွေ အေးချမ်းသာယာတော့မှာ ဖြစ်တဲ့အတွက် တာဝန်ခံအရာရှိအနေနဲ့ ဝမ်းသာပီတိဖြစ်မိပါတယ်" ဟု ပြောသည်။

ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ရရှိခဲ့သူ တစ်ဦးကလည်း "အခုလို လွတ်ငြိမ်းခွင့်ရတဲ့အတွက် အလွန်ကိုဝမ်းသာပါတယ်။ ကျွန်တော်လည်း အိမ်ကို မြန်မြန်ပြန်ရတဲ့အတွက် အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ အိမ်ကလည်း လာကြိုနေကြပါပြီ။ မိသားစုနဲ့လည်း တွေ့ရပြီး လုပ်စရာရှိတဲ့ အလုပ်တွေကို ဥပဒေနဲ့အညီ အေးချမ်းစွာ ဆက်လက်နေထိုင်လုပ်ကိုင်သွားမှာပါ။ ကျွန်တော်တို့လို အကျဉ်းသား၊ အကျဉ်းသူတွေအပေါ် သက်ညှာပြီးတော့ လွတ်ငြိမ်းခွင့်ပေးတဲ့ နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များကိုလည်း ကျေးဇူးတင်ရှိပါတယ်လို့ ပြောကြားလိုပါတယ်" ဟု ပြောသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သူ တစ်ဦးကလည်း "ကျွန်မအနေနဲ့ ပြစ်ဒဏ်တစ်နှစ်ခွဲ ကျခံနေရတာပါ။ အခုလို လွတ်ငြိမ်းခွင့်နဲ့ ပြန်လည် လွတ်မြောက်လာရတဲ့အတွက် အလွန်ကို ဝမ်းသာမိပါတယ်။ အပြင်မှာ ကျွန်မမိသားစုဝင်တွေလည်းလာကြိုနေကြပါပြီ။ အခုလို လွတ်ငြိမ်းခွင့်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ အပြင်ရောက်ရင်တော့ အမှားတွေ ထပ်မလုပ်မိအောင် ဥပဒေဘောင်အတွင်းကနေပဲ နေထိုင်လုပ်ကိုင်သွားပါမယ်" ဟု ပြောသည်။

ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင် ငါးခုနှင့် ကုန်ထုတ်စခန်း ခုနစ်ခုမှ အကျဉ်းသား ၁၅၂၉ ဦးနှင့် အကျဉ်းသူ ၄၉၂ ဦး စုစုပေါင်း ၂၀၂၁ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

## (၆၄) နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူများအား လွတ်ငြိမ်းသက်သာခွင့်ပြု



**ကသာ**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေရသူများအနက် အကျဉ်းသား၊ အကျဉ်းသူ ၂၇ ဦးကို လွတ်ငြိမ်းခွင့်ပြုရာ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီက အဆိုပါအကျဉ်းထောင်ရှိ ရောရန်အောင်ညှိရိပ်သာခန်းမ၌ကျင်းပရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး နေအောင်ဝင်း၊ ကသာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်လှိုင်မြင့်တို့က ဆုံးမဩဝါဒစကားများ ပြောကြားပြီး ကသာအကျဉ်းထောင်တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်က လွတ်ငြိမ်းသက်သာခွင့်ရရှိသူများအား လွတ်ငြိမ်းသက်သာခွင့်ကတ်ပြားနှင့် ခရီးစရိတ် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ကသာ)**



**သရက်**

သရက်အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား၊ အကျဉ်းသူ ၁၃၉ ဦးတို့အား မတ် ၂ ရက် မွန်းလွဲပိုင်းက ၎င်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုပေးရာ သရက်ခရိုင် ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများက ဆုံးမစကားများ ပြောကြားပြီး ထောင်လွတ်လက်မှတ်နှင့်အတူ စားစရိတ်၊ ခရီးစရိတ်နှင့် လုပ်အားခ ခံစားခွင့်များပေး၍ လွှတ်ပေးခဲ့ကြခြင်းဖြစ်သည်။ ယနေ့ သရက်အကျဉ်းထောင်မှ အကျဉ်းသား ၁၁၃ ဦး၊ အကျဉ်းသူ ၂၆ ဦး စုစုပေါင်း ၁၃၉ ဦးတို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိခဲ့ကြကြောင်း သိရသည်။

**ဇော်ထက်(သရက်)**





**တွံတေး**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်းရှိ တောကြီးတန်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းမှ အကျဉ်းသား ၂၈ ဦး၊ ရွှေသူဌေးစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းမှ အကျဉ်းသား ၂၄ ဦး စုစုပေါင်း ၅၂ ဦးတို့အား လွတ်ငြိမ်းသက်သာခွင့်ပြုပေးခဲ့ပြီး သက်ဆိုင်ရာအကျဉ်းစခန်းအသီးသီးမှ ယနေ့ မွန်းတည့် ၁၂ နာရီတွင် ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာရန် စေလွှတ်လိုက်ပြီဖြစ်ကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**



**မံုရွာ**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာအကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ရရှိသော အကျဉ်းသား ၂၅၂ ဦး၊ အကျဉ်းသူ ၄၉ ဦး စုစုပေါင်း ၃၀၁ ဦးအား စစ်ကိုင်းတိုင်းဒေသကြီး အကျဉ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းထွန်းစိုး၊ မုံရွာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်၊ မုံရွာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်အောင်နှင့် တာဝန်ရှိသူများက ဆုံးမဩဝါဒစကားများ ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာမြို့ အကျဉ်းထောင်မှ ၃၀၁ ဦး၊ ကလေးမြို့ အကျဉ်းထောင်မှ ၁၁၅ ဦး၊ ကသာမြို့ အကျဉ်းထောင်မှ ၂၇ ဦး၊ ရွှေဘိုမြို့ အကျဉ်းထောင်မှ ၉၀ နှင့် ခန္တီးမြို့ အကျဉ်းထောင်မှ ၃၁ ဦး စုစုပေါင်း အကျဉ်းသား အကျဉ်းသူ ၅၆၄ ဦး လွတ်မြောက်ခွင့်ရရှိခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**မကွေး**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၈/၂၀၂၆)ဖြင့် မကွေး အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၃၄၄ ဦးအား မတ် ၂ ရက်က လွှတ်ပေးရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အကျဉ်းထောင် တာဝန်ခံအရာရှိတို့က ဆုံးမစကားများပြောကြား၍ ထောင်လွှတ်လက်မှတ်နှင့် စားစရိတ်၊ ခရီးစရိတ်များပေး၍ လွှတ်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# (၆၄) နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူများအား လွတ်ငြိမ်းသက်သာခွင့်ပြု



## ပေါင်

မွန်ပြည်နယ် ပေါင်မြို့နယ်အကျဉ်းဦးစီးဌာနမှ တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အားဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးသည့် အခမ်းအနားကို ဇင်းကျိုက်၊ရင်းငြိမ်၊ အင်းပြောင် ကုန်ထုတ်စခန်းတို့၌ ယနေ့ နံနက်ပိုင်းကပြုလုပ်ရာ အခမ်းအနားတွင် ဇင်းကျိုက်မြို့အုပ်ချုပ်ရေးမှူး ဦးငွေတိုးအောင်၊ ဇင်းကျိုက်နယ်မြေရဲစခန်းမှူး ရဲအုပ်တင်မိုး၊ ဇင်းကျိုက်ကုန်ထုတ်စခန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇေယျနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ ထိုလွတ်ငြိမ်းသက်သာခွင့်ပြုရာတွင် ဇင်းကျိုက်ကုန်ထုတ်စခန်းမှ အကျဉ်းသား ၂၃ ဦး၊ ရင်းငြိမ်ကုန်ထုတ်စခန်းမှ အကျဉ်းသားသုံးဦးနှင့် အင်းပြောင်ကုန်ထုတ်စခန်းမှ အကျဉ်းသား ငါးဦး စုစုပေါင်း ၃၁ ဦး အား ဆုံးမစကားပြောကြားပြီး နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**



## တောင်ငူ

အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူများကို ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ လွတ်ငြိမ်းခွင့်ပြုလျက်ရှိရာ ယနေ့ ညနေ ၃ နာရီခွဲတွင် တောင်ငူအကျဉ်းထောင်မှ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ ၁၄၇ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**



## ရန်ကုန်

ရန်ကုန်မြို့ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၉၃၃ ဦးတို့သည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိကြရာ ယနေ့တွင် အကျဉ်းသား၊ အကျဉ်းသူများကို အင်းစိန်ဗဟိုအကျဉ်းထောင် မိုးလုံလေလုံအားကစားခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ကိုကိုလွင်တို့က ဆုံးမစကားပြောကြားပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိကြသည့် အကျဉ်းသား၊ အကျဉ်းသူများကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ YBS ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည်။

**ညိမ်းသူ (သတင်းစဉ်)၊ ဓာတ်ပုံ-ကနူး**

## မြိတ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၁၃၈၇ ခုနှစ် တပေါင်းလပြည့်နေ့ အခါသမယနှင့် ၂၀၂၆ ခုနှစ် မတ် ၂ ရက်တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူတောင် ကုန်ထုတ်စခန်းတို့မှ အကျဉ်းသား၊ အကျဉ်းသူ ၄၂ ဦးအား ယနေ့တွင် လွှတ်ပေးခဲ့သည်။

**ခိုင်ထူး (ပြန်/ဆက်)**



## ကလေး

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့အကျဉ်းထောင်မှ အကျဉ်းသား ၈၂ ဦး၊ အကျဉ်းသူ ၃၃ ဦး စုစုပေါင်း ၁၁၅ ဦးတို့အား ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါ အကျဉ်းဦးစီးဌာန ဇလပ်ဖြူခန်းမ၌ကျင်းပရာ ကလေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စောမြင့်တို့က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသည့် အကျဉ်းသား၊ အကျဉ်းသူများအား ဆုံးမသြဝါဒစကား ပြောကြားကြသည်။

**ခရိုင်(ပြန်/ဆက်)**



## မအူပင်

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ မအူပင်အကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ရရှိသော အကျဉ်းသား ၉၅ ဦး၊ အကျဉ်းသူ ၁၃ ဦး စုစုပေါင်း ၁၀၈ ဦးအား မအူပင်မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ခင်မောင်ညွန့်နှင့် တာဝန်ရှိသူများက ဆုံးမသြဝါဒစကားများ ပြောကြားကာ အကျဉ်း ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးကျော်သူက ခရီးစရိတ်နှင့် စားစရိတ်များပေးအပ်ခဲ့ရာ မိသားစုဝင်များက ဝမ်းမြောက်၊ ဝမ်းသာစွာဖြင့် လာရောက်ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**





## ပခုက္ကူ

ပခုက္ကူအကျဉ်းထောင်မှ အကျဉ်းသား ၆၉ ဦး၊ အကျဉ်းသူ ၁၇ ဦး စုစုပေါင်း ၈၆ ဦးတို့အား မတ် ၂ ရက် နံနက်က ၎င်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအား လျှော့ပေါ့၍ တာဝန်ရှိသူတို့က လွတ်ငြိမ်းခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မြင်းခြံ

မန္တလေးတိုင်းဒေသကြီး မြင်းခြံဗဟိုအကျဉ်းထောင်အတွင်းရှိ အကျဉ်းသား၊ အကျဉ်းသူများအနက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် အကျဉ်းသား၊ အကျဉ်းသူ ၁၆၈ ဦးအား ထောင်လွတ်လက်မှတ်၊ ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း ကျန်းမာရေးထောက်ခံချက်၊ စားစရိတ်နှင့် ခရီးစရိတ်များ ပေးအပ်ခဲ့သည်။

**ချစ်ဦးနွေ(မြင်းခြံ)**



## ပေါင်းတည်

မတ် ၂ ရက်တွင် ကျရောက်သည့် တပေါင်းလပြည့်အခါသမယနေ့နှင့် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်ဖြင့် ယနေ့နံနက်ပိုင်းတွင် ပေါင်းတည်အချုပ်ထောင်မှ အကျဉ်းသား ၄၆ ဦး၊ အကျဉ်းသူ ၁၀ ဦး စုစုပေါင်း ၅၆ ဦးအား နိုင်ငံတော်လွတ်ငြိမ်း သက်သာခွင့်ဖြင့် ခွင့်ပြုခဲ့ပြီး နေရပ်အသီးသီးသို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရသည်။

**ရွှေသား(IPRD)**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ ကျင်းပ

**နေပြည်တော် မတ် ၂**

၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် ထေရ်ကြီး၊ ဝါကြီးဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်းကို ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မင်းရပ်ရပ်ကွက်ရှိ သာသနဝ္ဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ရာ ပြည်နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသို ကျောင်းတိုက်နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေတုမာလာ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်နာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ မြစ်ကြီးနားမြို့ ရန်အောင်မြင်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တစန္ဒော ဘာသက သမ္ဗောဒနီယ ဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက သာသနာရေးရာများ လျှောက်ထားခဲ့သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်များရရှိကြသည့် ထေရ်ကြီး၊ ဝါကြီး ဆရာတော်ကြီးများနှင့် သာသနာ့နွယ်ဝင်သီလရှင်ဆရာကြီးများအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်စိမ်းများ လောင်းလှူကြသည်။



အလားတူ ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် ထေရ်ကြီး၊ ဝါကြီး ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်းကို မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပရိယတ္တိဓမ္မာဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ရာ မွန်ပြည်နယ် ပေါင်မြို့ ပေါင်းရပ်ကွက် ဘုရားကြီး ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒောဘာသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်လင်းမောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပေါင်မြို့ ဘုရားကြီး ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၆ ပါးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဖြူဇရပ်မြို့နယ် အောင်ဇေယျရပ်ကွက် ဓမ္မာရာမတောရကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော်မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မရက္ခိတာလင်္ကာရထံမှ အနုမောဒနာတရားနာယူကြည်ညိုကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

ထို့အတူ ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် ထေရ်ကြီး၊ ဝါကြီး ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်းကို ရခိုင်ပြည်နယ် စစ်တွေမြို့ လောကနန္ဒာစေတီတော်မြတ်ကြီး ပုရိဝုဏ်အတွင်းရှိ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ရာ စစ်တွေမြို့ နန္ဒာရာမပရိယတ္တိစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနန္ဒသီရိ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ စစ်တွေတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စစ်တွေမြို့နှင့် နန္ဒာရာမ ပရိယတ္တိစာသင်တိုက်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ခေါင်းလောင်းကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တစက္ကိန္ဒက ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူ၍ ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သာသနာ့နွယ်ဝင်သီလရှင်ဆရာကြီးများအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်၊ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီး၊ ရှေးဟောင်းလက်ဝဲသလုံးတော်ခေတ်စေတီ၊ ဗဟိုကိုးနဝင်းအေးစေတီနှင့် ရန်ပြေမာန်ပြေဘုရားများအတွက် အလှူငွေများကို ဂေါပကအဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စစ်တွေမြို့ ဝိမလဓမ္မနာဒ (ခေတ်လယ်) ကျောင်းတိုက်ပဓာနနာယက ဆရာတော် မဟာကမ္မဋ္ဌာနစရိယ ဘဒ္ဒန္တသုဝဏ္ဏ မဟာထေရ်မြတ်ထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား သာသနာ့ဗိမာန်ရှေ့၌ ဆွမ်းဆန်စိမ်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ လောင်းလှူပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်မြတ်ကြီး၏ (၁၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ ရွှေကြာသင်္ကန်းကပ်လှူခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**နေပြည်တော် မတ် ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်မြတ်ကြီး၏ (၁၉) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ ရွှေကြာသင်္ကန်း ကပ်လှူခြင်းနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါ စေတီတော်မြတ်ကြီး၌ ကျင်းပပြုလုပ်ရာ မြို့မကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တကလျာဏ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်များက အဆိုပါစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း ဆောင်ရွက်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် စေတနာရှင်အလှူရှင်များက အဆိုပါ စေတီတော် မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လားရှိုးမြို့ရှိ မဟာဗောဓိရုံ နာရဒထံမှ ကိုးပါးသီလ ခံယူ ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ ဆောက်တည်ကြပြီး ဆရာတော်၊



သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လားရှိုးမြို့ရှိ ဇမ္ဗူအေးစေတီတပ်ဦးကျောင်း ဆရာတော်ဘဒ္ဒန္တဥတ္တမထံမှ အနုမောဒနာတရားနာယူကြည်ညိုပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပင်လုံမြို့နယ် ဝေဠုဝန်ဘုန်းကြီးကျောင်း၌ ပအိုဝ်းအမျိုးသားနေ့ပွဲတော် ကျင်းပ

**နေပြည်တော် မတ် ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့နယ် ဝေဠုဝန်ဘုန်းကြီးကျောင်း၌ ပအိုဝ်းအမျိုးသားနေ့ပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဘုန်းကြီးကျောင်း၌ ကျင်းပပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံ တိုင်းရင်းသားများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပအိုဝ်းအမျိုးသားနေ့ပွဲတော် ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးက ဂုဏ်ပြုအမှာစကား ပြောကြားကာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ပအိုဝ်းတိုင်းရင်းသား ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းမှူးက ပင်လုံမြို့ ဝေဠုဝန် (ဝါးတောကျောင်း) ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ပညာဝံသအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆပ်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်တွေမြို့ ရန်အောင်ဇေယျသုခမင်္ဂလာစေတီတော် ဗုဒ္ဓဥယျာဉ်တော်ပရိဝုဏ်အတွင်းရှိ ရှင်သီဝလိနှင့် အရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်နှစ်ပါး ဆင်းတုတော်ကျောင်းဆောင်နှင့် ဇေယျမင်္ဂလာကန်တော်ဆယ်ယူ၍ ကန်ပေါင်မြှင့်ခြင်း ရေစက်ချအလှူတော်မင်္ဂလာ ပြုလုပ်

**နေပြည်တော် မတ် ၂**

ရခိုင်ပြည်နယ် စစ်တွေမြို့ ရန်အောင်ဇေယျ သုခမင်္ဂလာစေတီတော် ဗုဒ္ဓဥယျာဉ် တော်ပရိဝုဏ်အတွင်းရှိ ရှင်သီဝလိနှင့် အရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်နှစ်ပါး ဆင်းတုတော်ကျောင်းဆောင်နှင့် ဇေယျမင်္ဂလာကန်တော်ဆယ်ယူ၍ ကန်ပေါင်မြှင့်ခြင်း ရေစက်ချအလှူတော်မင်္ဂလာပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ ပြုလုပ်ရာ အဆိုပါမြို့ရှိ တပ်ဦးဆုတောင်းပြည့်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏဝံသ အမှူးပြုသည့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့် ပြည်နယ်ဝန်ကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ စစ်တွေမြို့ရွှေစေတီကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တအရိယဝံသက ဦးဆောင်၍ အလှူတော်မင်္ဂလာအခမ်းအနားအစီအစဉ်အတိုင်း ပူဇော်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အလှူရှင်များက ရဟန္တာမထေရ်မြတ်နှစ်ပါးတို့၏ ဆင်းတုတော်၊ ဇေယျမင်္ဂလာကန်တော်အား အမွှေးနံ့သာရည်များပက်ဖျန်းကာ ဇိဝိတဒါနငါးနှင့်လိပ်များ လွှတ်ပေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တပ်ဦးဆုတောင်းပြည့်ပရိယတ္တိစာသင်တိုက်ပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရွှေစေတီပရိယတ္တိကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တအရိယဝံသထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။



**သတင်းစဉ်**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများအား ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိပြီး တောင်ကိုရီးယားနိုင်ငံသားတစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့က ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့



**နေပြည်တော် မတ် ၂**

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင်ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်အတွင်းသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် တောင်ကိုရီးယားနိုင်ငံသားတစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

**ညှိနှိုင်းဆောင်ရွက်လျက်ရှိ**

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက် ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

အက်ဥပဒေအရ ပြစ်မှုများ၊ ၁၉၂၄ ခုနှစ် ရှမ်းပြည်နယ်လက်နက်အမိန့်အရ ပြစ်မှုများ၊ ၂၀၂၃ ခုနှစ် လက်နက်ဥပဒေအရ ပြစ်မှုများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ပြစ်မှုများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရပြစ်မှုများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရပြစ်မှုများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများမှအပ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီး အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်အား လည်းကောင်း၊ နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/ အကျဉ်းသူ ၂၈၂၅ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ “နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်” ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အား လည်းကောင်း ခွင့်ပြုခဲ့သည်။

ထို့အပြင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂(က)အရ ပြစ်မှုကျူးလွန်၍ အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ ၇၃၃၇ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ “နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်” ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

၎င်းအပြင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂(က)ဖြင့် လည်းကောင်း၊ ယင်းပြစ်မှုများဖြင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၂ ဖြင့်လည်းကောင်း တရားစွဲဆိုခံထားရသူ ၁၂၄၈၇ ဦး၏ တရားရုံးကြားနာစစ်ဆေးဆဲ အမှုပေါင်း ၉၅၃၂ မှုကို ပိတ်သိမ်း၍ တရားခံများအား အမှုမှကင်းလွတ်ခွင့်ပြုခဲ့သည်။

နိုင်ငံတော်အနေဖြင့် ပြစ်မှုကျူးလွန်ခဲ့သည့် အကျဉ်းသား၊ အကျဉ်းသူများကို ၎င်းတို့ ကျူးလွန်ခဲ့သည့် ပြစ်မှုများအရ အကျဉ်းထောင်အတွင်း ပြစ်ဒဏ်များချမှတ်ခဲ့သော်လည်း အကျဉ်းထောင်နှင့် အကျဉ်းစခန်းများအတွင်း လူမှုရေး၊ ကျန်းမာရေးဆိုင်ရာများနှင့် အခြား ရသင့်သည့် လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ ကောင်းမွန်ပြည့်စုံစွာ ဆောင်ရွက်ပေးထားပြီး ယခုပြန်လည်လွတ်မြောက်လာသည့်အချိန်တွင် မိဘဆွေမျိုးများက ဝမ်းပန်းတသာဖြင့် ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။





**သတင်းစဉ်**

# ကမ္ဘာပေါ်တွင်သာမက မြန်မာနိုင်ငံမှာပါ ရှားပါးနေသည့် စာဝါကျားငှက်များ ကျုံကပြင် - တက်ဆိပ် ဒေသခံသားငှက်ထိန်းသိမ်းရေးဇရိယာ၌ ကျက်စားမှု ယမန်နှစ်ထက် ကောင်ရေတစ်သောင်းကျော်တိုးလာ

ဝါးခယ်မ မတ် ၂

ရောဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်ရှိ ဒေသခံသားငှက်ထိန်းသိမ်းရေးဇရိယာအတွင်း ကျရောက်ရှင်သန်ကျက်စားလျက်ရှိသော ငှက်မျိုးစိတ်များကို လစဉ် စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ကမ္ဘာပေါ်တွင်သာမက မြန်မာနိုင်ငံမှာပါ ရှားပါးနေသော ငှက်မျိုးစိတ်ဖြစ်သည့် စာဝါကျားငှက်ကောင်ရေမှာ ယမန်နှစ်ကထက် တစ်သောင်းကျော်တိုးတက်တွေ့ရှိထားကြောင်း ကျုံကပြင် -တက်ဆိပ် ဒေသခံသားငှက်ထိန်းသိမ်းရေးအဖွဲ့မှ သိရသည်။



"ဒီ စာဝါကျား(ခေါ်) Yellow-breasted Bunting(Emberiza aureola)ငှက်မျိုးစိတ်က ဆောင်းခိုငှက်မျိုးစိတ်တစ်မျိုးပါ။ တစ်ကမ္ဘာလုံးမှာဆိုရင်တော့ မျိုးသုဉ်းလုနီးပါးအန္တရာယ်နဲ့ ကြုံတွေ့နေရတဲ့ ငှက်မျိုးစိတ်ဖြစ်ပါတယ်။ သူတို့အိပ်တန်းတက်တဲ့ အချိန်မှာ စာရင်းကောက်ယူရတာပါ။ ကျွန်တော်တို့ ထိန်းသိမ်းရေးဇရိယာထဲမှာ ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ကာလအတွင်းမှာဆိုရင် ကောင်ရေ ၇၀၀၀၀ ကျော် တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့တယ်။ ၂၀၂၅ ခုနှစ် အောက်တိုဘာလကနေ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ကာလအတွင်းမှာ ငှက်ကောင်ရေ ၈၀၀၀၀ ကျော် မှတ်တမ်းတင်ထားနိုင်တယ်။ ဒါကြောင့် အရင်နှစ်ကထက် စာဝါကျားငှက်ကောင်ရေတစ်သောင်းကျော် ပိုမိုတွေ့ရှိမှတ်တမ်းတင်ထားနိုင်တာ ဖြစ်ပါတယ်"ဟု ကျုံကပြင် -တက်ဆိပ် ဒေသခံသားငှက်ထိန်းသိမ်းရေးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကျုံကပြင်-တက်ဆိပ် သားငှက်ထိန်းသိမ်းရေးဇရိယာအတွင်း၌ ရှားပါးဇီဝမျိုးစုံမျိုးကွဲများ ကျရောက် ရှင်သန်ကျက်စားနေသဖြင့် ၂၀၁၈ ခုနှစ်တွင် ဒေသခံများပါဝင်သည့် ကျုံကပြင်-တက်ဆိပ် ဒေသခံ သားငှက်ထိန်းသိမ်းရေးအဖွဲ့ကို စတင်ဖွဲ့စည်းကာ ရှားပါးဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရှားပါးဇီဝမျိုးစုံ မျိုးကွဲများ ထိန်းသိမ်းရန်အတွက် သစ်တောဦးစီးဌာနက ၂၀၂၂ ခုနှစ်တွင် ရောဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ရွှေလောင်းတိုက်နယ်အတွင်းရှိ ကျုံကပြင်ကျေးရွာအုပ်စု၌ ပါဝင်သော မြေဧက ၃၀၀၀ ကျော်အကျယ်အဝန်းကို ကျုံကပြင် -တက်ဆိပ် ဒေသခံသားငှက်ထိန်းသိမ်းရေးဇရိယာအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

ကျုံကပြင် -တက်ဆိပ် ဒေသခံသားငှက်ထိန်းသိမ်းရေးဇရိယာသည် ကမ္ဘာပေါ်တွင်သာမက မြန်မာနိုင်ငံမှာပါ ရှားပါးနေသည့် ကြိုးကြာခေါင်းနီငှက်မျိုးစိတ် (Sarus Crane) နှင့် ကိုင်းစွေ့ ငှက်မျိုးစိတ်နှစ်မျိုး ကျက်စားရာနေရာလည်းဖြစ်ကြောင်း၊ ယင်းဇရိယာအတွင်းသို့ အောက်တိုဘာလဆန်းပိုင်းတွင် ဆောင်းခိုငှက်များ စတင်ဝင်ရောက်ခြင်းဖြစ်ကာ နှစ်စဉ်ဝင်ရောက်နေကျ ဆောင်းခိုငှက်မျိုးစိတ်အားလုံး စုံလင်စွာရောက်ရှိနေပြီဖြစ်ကြောင်း၊ အဆိုပါဇရိယာအတွင်းသို့ ယခုနှစ် ဖေဖော်ဝါရီလကုန်အထိ ဆောင်းခိုငှက် ၆၃ မျိုး၊ ဌာနေငှက် ၁၀၆ မျိုး စုစုပေါင်း ငှက်မျိုးစိတ် ၁၆၉ မျိုး လာရောက်ကျက်စားလျက်ရှိကြောင်း သိရသည်။

**ပိန်းဇလုပ်-သိန်းညွန့်**

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဟုမ္မလင်းမြို့နယ် ခိုပဲဝရပ်ကွက်၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် ၁၄၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၀၀၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ်နှင့် မုံရွာမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၁၅၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၇၁၅၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ပဲခူးမြို့နယ်နှင့် ကျောက်တံခါးမြို့နယ်တို့အတွင်း၌ တရားမဝင်သစ်မာ ၇ ဒသမ ၉၂၁ တန်၊ အခြားသစ် ၁ ဒသမ ၆၅၆တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၂၀၃၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ငဖဲမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မြို့သစ်မြို့နယ်အတွင်း၌ တရားမဝင် ပေါင် ၃၀ ဝင် မီးသွေး ၃၂ အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ တောင်တွင်းကြီးမြို့နယ် သဲကျွန်းကျေးရွာ၌ တရားမဝင် လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်းနှစ်လုံးနှင့် ငွေစက္ကူရောရာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၄၅၉၇၈)ကို လောင်းကစားဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၉၁၉၇၈ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ရမည်းသင်းမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ပြင်ဦးလွင်မြို့နယ်နှင့် ပလိပ်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ခုနစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၇ ရက်တွင် မုဒုံမြို့နယ် ဘဲရမ်းကျေးရွာ၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၂၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၆၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး၊ Nissan Vanette တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၉၆၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရောဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၅ ရက်တွင် ပုသိမ်မြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၆ ရက်တွင် မြိတ်မြို့နယ် ကျောက်ဖြူတောင်လမ်းဆုံ၌ စုပုံထားသည့် အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၄၀၀၀၀)ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း နှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၈၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်၊ ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇၁၇၂၂၀၁၀)ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ကျောက်တံခါးမြို့နယ်၊ သာယာဝတီမြို့နယ်နှင့် ဖြူးမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၀၃၄ တန်၊ သစ်မာ ၀ ဒသမ ၅၉၇ တန်၊ အခြားသစ် ၂ ဒသမ ၈၄၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉၇၄၄၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပြည်မြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၇၄၄၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၁ ရက်တွင် ပွင့်ဖြူမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၇ ရက်တွင် မုဒုံမြို့နယ် ဘဲရမ်းကျေးရွာ၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၂၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၁၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux Vigo တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉၁၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရောဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၂ ရက်တွင် ပုသိမ်မြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၀၈၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၇ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းတစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်၊ ၂၂ ရက်၊ ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၅၇၃၄၄၀)ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတား ဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂

ဒေါ်ကျော့ကေခိုင် နှင့် ဒေါ်ဝင်းကြည် (၎င်း၏ အထူး ကိုယ်စားလှယ်စာရသူ ဦးကိုလေး)

တရားလို တရားပြိုင်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ ၁၃၈-လမ်း (ဝေရတ်လမ်း)၊ ၆၁ x ၆၂ လမ်းကြားနေ ဦးကံပေါ် ၏ သမီး ဒေါ်ဝင်းကြည် ၉/မနမ (နိုင်)၁၀၉၀၅၉ (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးကိုလေး (ဘ)ဦးချစ်စိန်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်ကျော့ကေခိုင် က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၃)၊ ဦးပိုင်အမှတ်(၃၁)၊ ဧရိယာ (၀ ဒသမ ၀၅၁) ဧကအကျယ်အဝန်းရှိ မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၉ ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာမှတ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လှမျိုးလွင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1D/4611 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၈၄)၊ ဦးပိုင်အမှတ် (၃၄-က)၊ ၃၈လမ်း၊ ၈၆x၈၇လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သော ဦးမောင်မြင့် ၊ ဒေါ်ခင်ထွေး တို့ (၂)ဦး အနက် ဒေါ်ခင်ထွေး ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၂၀၈၉/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ ဦးမောင်မြင့်(ခ)မောင်မောင်မြင့် ၉/မနတ(နိုင်) ၀၁၉၆၃၉ က အမှုတွဲအမှတ် (၀၅၈၈/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆) ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက် အမှတ်(၁၇၆)၊ ဦးပိုင်အမှတ် (၂၂-က)၊ ၂၅x၂၆ကြား၊ ၈၁x၈၂လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သော ဒေါ်သန္တာဝင်း၊ ဦးမင်းကိုကို၊ ဦးတင်ကိုကို တို့ (၃)ဦးအနက် ဒေါ်သန္တာဝင်း ပါ(၂)ဦး ထံမှ စွန့်လွှတ်စာချုပ်အမှတ် (၃၄၅၁/၂၀၂၅) ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံခဲ့သူ ဦးတင်ကိုကို ၉/အမဇ(နိုင်)၀၂၅၅၈၀ က အမှုတွဲအမှတ် (၀၅၈၇/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆) ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ် (၅၈၈)၊ ဦးပိုင်အမှတ် (၂၉/၁)၊ ရန်-မန်းကားလမ်းပေါ်နှင့် Max ဓာတ်ဆီဆိုင် အနောက်ဘက်ရှိ ဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးလှအောင် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၅၅/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ရန်ဆိုင်အိမ်(ခ)ရန်သိုက်ရှိန်(ခ)မစန်းရီ ၉/မမန(ဧည့်)၀၀၀၀၃၁ က အမှုတွဲအမှတ် (၅၄၅၇/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ် (၀၀-၁၀)၊ ဦးပိုင်အမှတ် (၁၇-က+၁၇-ခ)၊ ၆၈x၆၉ကြား၊ Bလမ်းတောင်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခိုင်ခိုင်မင်း ၉/အမရ(နိုင်)၀၄၃၉၈၇ ၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၅၇၁၇/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ဆန်းဝင်း ၉/မရမ(နိုင်)၀၄၉၀၀၇ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း
## ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁ ၊ နည်းဥပဒေ-၂၂)
## စစ်ကိုင်းခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅နှင့် ဆက်နွှယ်သည့်
## ၂၀၂၆ ခုနှစ်၊ တရားမဗာရီမှုအမှတ်-၂

ဦးရွှေ နှင့် ဒေါ်မြကျင်

ဒီကရီအနိုင်ရသူ တရားရှုံး

ဒေါ်မြကျင် (ဘ) ဦးချစ်ထွန်း၊ အုန်းတောကျေးရွာ၊ စစ်ကိုင်းမြို့နယ်နေ (ယခုနေရပ်လိပ်စာမသိသူများ) အား သိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်) မွန်းမတည့်မီ အချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထက်ဝေဖြိုးနိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**စစ်ကိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ ကွင်း/အကွက်အမှတ်(၂/ဟော်ကုန်းရပ်)၊ ဦးပိုင်အမှတ်(၂၁)၊ မြေဧရိယာ (၀ ဒသမ ၁၃၄)ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဦးမောရစ်(ခ) ဦးမော်ရစ်ပါ(၂)ဦး ၁၃/သပန(နိုင်)၀၃၇၃၅၀ မှဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက် လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်ပါနိုင်ကြောင်းကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ဓဓ-၁၉)၊ ဦးပိုင်အမှတ်(၁၃)၊ ၆၅x၆၆ကြား၊ ၁၁၈x၁၁၉ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သောင်းသောင်းတင်၏ (SP ရရှိသူ ဒေါ်နိုင်မိုးနောင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၈၅၀/၂၀၀၆) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရန်ကြူဆင်း(ခ)ရန်စီ ၁၃/လရန(နိုင်)၀၅၀၉၃၂ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၅၄၅၁/၂၀၂၅-၂၀၂၆) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက် အမှတ် (ဓဓ-၁၉)၊ ဦးပိုင်အမှတ်(၁၂)၊ ၆၅x၆၆ကြား၊ ၁၁၈x၁၁၉ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးမြို့၏(SPရရှိသူ ဒေါ်ရန်ကြူဆင်း(ခ) ရန်စီ) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၂၁၀/၂၀၀၇) ဖြင့် ဝယ်ယူခဲ့သူ ဦးကျန်းချမ်းကွေ ၁၃/ကခန(နိုင်)၀၁၆၃၂၈ ကတောဂရန်စာချုပ်နှင့် အတူ အမှုတွဲအမှတ် (၅၄၅၀/၂၀၂၅-၂၀၂၆) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (သ-၉)၊ ဦးပိုင်အမှတ်(၈၄)၊ ၆၄x၆၅ကြား၊ ၁၁၅x၁၁၆လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးဘသန်း၏(SPရရှိသူ ဒေါ်လှလှမြင့်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၈၈၉/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရွှေဇင်အောင် ၁/မကတ(နိုင်)၁၁၇၁၁၈ ကတောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၅၄၄၆/၂၀၂၅-၂၀၂၆) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၈၉)၊ ဦးပိုင်အမှတ်(၅၅-က+၅၆-က)၊ ၄၀လမ်း၊ ၇၂x၇၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်စန်းထံမှ အပေးစာချုပ်အမှတ် (၂၂၉၁/၂၀၂၅) ဖြင့် လက်ခံခဲ့သူ ဒေါ်ခင်မာဦး ၉/မရတ(နိုင်)၀၇၁၄၃၇ က အမှုတွဲအမှတ် (၅၄၄၃/၂၀၂၅-၂၀၂၆) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်၊ အကွက်အမှတ်(၁၇၀)၊ ဦးပိုင်အမှတ်(၃၉-ဆ)၊ ၂၄x၂၅ကြား၊ ၈၄x၈၆ လမ်းကြားရှိ ဦးကြည်မောင်အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ် အမှတ်(၇၃၁/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့ကြသော ဒေါ်သန်းသန်းဝင်း၊ ဒေါ်သန်း သန်းဦး (ခ) မူမူသန်း၊ ဦးကျော်သန်းငွေ၊ ဒေါ်နုနုကြည်၏ ကိုယ်စား (GPရရှိသူ ဒေါ်သန်းသန်းဝင်း)၊ ဦးဟိန်းထက်အောင်၊ ဦးသန်းထွဋ်အောင်၊ ဦးရဲထွဋ်အောင်၊ ဒေါ်မွန်မြတ်သန့်စင်အောင်တို့ (၈)ဦးမှ အမွေဆက်ခံခဲ့ပြီး ဒေါ်သန်းသန်းဝင်း ပါ(၈)ဦး တို့၏ (SPရရှိသူ ဦးဇော်မင်းထွေး (ခ) အူမားဖာရွတ်) ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၄၁၃/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်ရွှေကြည်(ခ) မေပုလဲ ၁/မကန(နိုင်) ၀၈၂၁၁၀က အမှုတွဲအမှတ်(၅၄၃၉/ ၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက် အမှတ်(ဌ-၈)၊ ဦးပိုင်အမှတ်၇၄/၆၄x၆၅လမ်းကြား၊ ၁၁၇x၁၁၈လမ်းကြားရှိ ဦးနေဝင်း(ခ) မိုဟာမက် အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးနေဝင်း(ခ)မိုဟာမက်၊ ပထမအိမ်ထောင် ဒေါ်သန်းသန်းမြင့် ၊ ဒုတိယအိမ်ထောင် MARIAN(ခ) ဒေါ်မယ်ဒရန်တို့ ကွယ်လွန်၍ ကျန်ရစ်သူသား သမီးများဖြစ်ကြသော ဒေါ်သန္တာနေဝင်း(ခ)သန္တာအောင် ၉/မရမ(နိုင်)၀၉၁၁၁၆၊ ဦးကျော်ဝင်း ၉/ခအဇ(ပြု) ၀၀၀၃၃၈၊ ဒေါ်အိအိဖြူ ၉/ခအဇ(ပြု)၀၀၀၂၅၃ တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံ စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၁၃)၊ ဦးပိုင်အမှတ် ၁၅၄-က+၁၅၃+၁၅၂/၆၀x၆၁လမ်းကြား၊ ၁၁၆x၁၁၇ လမ်းကြားရှိ ဦးနေဝင်း(ခ)မိုဟာမက် အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးနေဝင်း(ခ)မိုဟာမက်၊ ပထမအိမ်ထောင် ဒေါ်သန်းသန်းမြင့် ၊ ဒုတိယအိမ်ထောင် MARIAN (ခ) ဒေါ်မယ်ဒရန်တို့ ကွယ်လွန်၍ ကျန်ရစ်သူသား သမီးများဖြစ်ကြသော ဒေါ်သန္တာနေဝင်း(ခ)သန္တာအောင် ၉/မရမ(နိုင်)၀၉၁၁၁၆၊ ဦးကျော်ဝင်း ၉/ခအဇ(ပြု)၀၀၀၃၃၈ ၊ ဒေါ်အိအိဖြူ ၉/ခအဇ(ပြု)၀၀၀၂၅၃ တို့ကဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၂)၊ ဦးပိုင်အမှတ် ၄၈/၅၉လမ်း၊ ၁၀၆x၁၀၇လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးနိုင်ဝင်း ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်သီသီ ၅/ကလန(နိုင်)၀၁၁၀၁၆ က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံ စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဒ-၁)၊ ဦးပိုင်အမှတ် ၄၃/၆၅လမ်း၊ ၃၇x၃၈လမ်းကြားရှိ ဦးအောင်ဘို၊ ဒေါ်မင်းမင်းစိုးအမည်ပေါက် ဂရန်မြေကွက်အား ခင်ပွန်း ဦးအောင်ဘို ကွယ်လွန်၍ ကျန်ရစ်သော ပူးတွဲအမည်ပေါက်သူ ဇနီး ဒေါ်မင်းမင်းစိုး ၉/ခအဇ (နိုင်)၀၀၉၈၀၇က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်မြို့ စည်ပင်သာယာမြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်

ပြည် မတ် ၂

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်နှင့် မြို့နယ်သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများဦးဆောင်၍ မီးသတ်ဦးစီးဌာန၊ လျှပ်စစ်ဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် တာဝန်ရှိသူများအဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက ပြည်မြို့ စည်ပင်သာယာမြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးအကြံပြုခြင်းနှင့် သရုပ်ပြလေ့ကျင့်မှုတို့ကို ပူးပေါင်းဆောင်ရွက်ရာ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ကားနှင့် မီးသတ်ပိုက်တို့ဖြင့် အရေးပေါ်မီးလောင်မှုဖြစ်စဉ်အား စနစ်တကျ မီးငြိမ်းသတ်နည်းကို လက်တွေ့သရုပ်ပြ လေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

**မီးဘေးရှောင် မလောင်ခင်တား**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/88805 Honda Click 150 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးဦး ၉/နထက(နိုင်) ၁၉၈၇၄၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/89752 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးဝေမင်းသူ ၅/မမန(နိုင်)၀၇၄၅၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/85609 Feiling 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၉/မတရ(နိုင်)၁၃၇၄၇၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကြော်ငြာစာ

